မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချီ သတင်းစုံသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မဲပေးခွင့်ရခြင်းက နိုင်ငံသားတစ်ဦးဖြစ်တဲ့ သင့်အတွက် အခွင့်အရေးတစ်ခုပါ။**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၂)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ်၊ ကျုံကူးကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် **စာမျက်နှာ ၆ ကော်လံ ၁ ■**



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ဆောင်းပါး

**အမှန်တရားကို မျက်ကွယ်ပြုပြီး အကြမ်းဖက်မှုကို အားပေးနေတဲ့ Christian Solidarity Worldwide(CSW) ဥက္ကဋ္ဌ မစ္စတာမာဗင်သောမတ်စ်ထံသို့ အိတ်ဖွင့်ပေးစာ**

စာ - ၁၁ သို့

## သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့မှ ၂၀၂၅-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၅-ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၅-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း (GRADE-10, GRADE-11, GRADE-12)များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူထားပါကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများလျှောက်ထားနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

လျှောက်လွှာများကို ၂၀၂၅-ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့နောက်ဆုံးထား၍ **စာမျက်နှာ ၆ ကော်လံ ၄ ➤**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား




**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်)

# ရွေးကောက်ပွဲနိုင်ငံရေးလမ်းကြောင်း

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် တည်ငြိမ်အေးချမ်းမှုကောင်းမွန်ရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုများကျယ်ပြန့်လာသည်နှင့်အမျှ ပြည်ပမှစီးပွားရေးမြှုပ်နှံမှုများ၊ နိုင်ငံတော်အစိုးရနှင့် ဖက်စပ်လုပ်ငန်းများ၊ နည်းပညာများဝင်ရောက်လာမည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန်မှာနိုင်ငံအတွင်း အချို့သောဒေသများတွင်ရှိနေသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် လက်နက်ကိုင်ဆောင်ခြင်းကိုစွန့်လွှတ်ကာ မိမိတို့လိုအင်ဆန္ဒများကို နိုင်ငံရေးနည်းလမ်းဖြင့်တောင်းဆိုမှုပြုကြရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ပါတီနိုင်ငံရေးလမ်းကြောင်းမှဝင်ရောက်ကာ လွှတ်တော်တွင်တင်ပြဆွေးနွေးခြင်းမှာ နိုင်ငံကြီးသားပီသသူတို့၏ ပြုမူဆောင်ရွက်ချက်ဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များကိုလေ့လာကြည့်ပါက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူကင်းစင်သောဒေသသည်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံတိုးတက်လျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေခွင့်အပြည့်အဝရရှိသည်။ ဘာသာရေးဆိုင်ရာကိစ္စရပ်များကိုစိတ်အေးချမ်းသာစွာဆောင်ရွက်နိုင်ကြသည်။ လူ့အခွင့်အရေးအပြည့်အဝခံစားခွင့်ရှိနေကြသည်။ ကရင်ပြည်နယ်သည် နိုင်ငံလွတ်လပ်ရေးရပြီးချိန်ကတည်းက လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်ယွင်းပြီး ပြည်နယ်အတွင်းနေထိုင်သည့် ပြည်သူများထိခိုက်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ထိခိုက်မှုများရှိသည်။ ကရင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင်လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိလက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပညာသင်ကြားနိုင်မည်၊ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်။ ထို့ကြောင့် ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကိုဖျက်ဆီးနေသည့်တည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင်ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်းနေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့်ကာကွယ်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ကရင်ပြည်နယ်အတွင်းဒေသတည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် လုပ်ဆောင်နေမှုများကို ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ KK Park နေရာအား တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်သည်။ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့်ဒေသများတွင် တိုးတက်မှုများရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်မည်မဟုတ်ပေ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သကဲ့သို့ ဒေသတွင်နေထိုင်သည့်သူများကလည်း အမှန်တကယ်အလုပ်လုပ်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်က ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားစဉ် **"ကရင်ပြည်နယ်အေးချမ်းသာယာပြီး ငြိမ်းချမ်းပါစေကြောင်း၊ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတော်အနေဖြင့်စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးဆုံးပြီးချိန်တွင်ရွေးကောက်ခံကိုယ်စားလှယ်များနှင့် အစိုးရအသစ်ဖြင့် နိုင်ငံတော်တာဝန်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများလိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့်ရွေးကောက်ခံကိုယ်စားလှယ်များဖြင့်ကောင်းမွန်သည့်နိုင်ငံရေးလမ်းကြောင်းကိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား လုံခြုံရေးပိုင်းဆိုင်ရာအရ အပိုင်းသုံးပိုင်းခွဲ၍ကျင်းပသွားမည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရာတွင် မဲမသမာမှုများလုပ်ဆောင်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များဖြင့် မဲပေးနိုင်ရေးဆောင်ရွက်ထားရှိသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံရေးစနစ်ကိုကျင့်သုံးရာတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုဆောင်ရွက်ရမည်ဖြစ်ပြီး လူကိုအခြေခံသည့် ဖက်ဒရယ်စနစ်မဟုတ်ဘဲ ဒေသကိုအခြေခံသည့်ဖက်ဒရယ်စနစ်ကိုကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်သည်။ ကျင်းပသည့်ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေးဆောင်ရွက်လျက်ရှိသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးရန်လိုအပ်သည်။ ထို့ကြောင့် ကရင်ပြည်နယ်အနေဖြင့် မိမိတို့နိုင်ငံ၏ နည်းလမ်းတကျဖြစ်သည့် နိုင်ငံရေးစနစ်ဖြစ်စေရေး ရွေးကောက်ပွဲသည်အခြေခံဖြစ်သဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေးဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ နိုင်ငံတော်နှင့်တပ်မတော်က တည်ငြိမ်အေးချမ်းမှုရှိစေရန်ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးကို ထိပါးနှောင့်ယှက်နေသူများအား နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူပူးပေါင်းဆောင်ရွက်ကြရန်နှင့် ရွေးကောက်ပွဲနိုင်ငံရေးလမ်းကြောင်းတွင် လျှောက်လှမ်းကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**၃၂**

**ရက်**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်သင်တန်းကို နိုဝင်ဘာလ ၂၄ ရက်တွင် ဖွင့်လှစ်သင်ကြားသည်။

ရေးဦးစွာ ဇေယျာသီရိမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူး ဒေါ်ဟေမာလွင်၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲစနစ်အကြောင်း၊ မဲပေးစက်တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌မဲပေးစက်တပ်ဆင်ခြင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံနှင့် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ သင်ကြားပြသပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၃၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၁၀:၀၀ သီချင်းလက်ဆောင်
၄။ ၁၁:၀၀ မြန်မာ့လက်သံ
၅။ ၁၂:၀၀ ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း
၆။ ၁၃:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၇။ ၁၄:၀၀ Sharing Knowledge
၈။ ၁၅:၀၀ ဆောင်းပါးပေါ်မှစာစုများ
၉။ ၁၇:၀၀ မြန်မာသံစဉ်ချိုနားဝင်
၁၀။ ၁၈:၂၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ**
၁၁။ ၁၈:၃၀ **(၃၈)ဖြာ မင်္ဂလာ ပုဗ္ဗေစ ကတပုညတာ**
၁၂။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**
၁၃။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၆-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ


မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ပထမနှစ်သင်တန်း စတင်ဖွင့်လှစ်




နေပြည်တော် နိုဝင်ဘာ ၂၅

နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် အောက်မြန်မာပြည်တွင် အသစ်ဖွင့်လှစ်လိုက်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)၏ ပထမနှစ်သင်တန်းများကို စတင်သင်ကြားပို့ချလျက်ရှိရာ နိုဝင်ဘာလ ၂၄ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက သင်ကြားသင်ယူရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် ဘွဲ့ကြိုသင်တန်း ပထမနှစ် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တောင်သူလယ်သမားများ၊ ထုတ်လုပ်သူလုပ်ငန်းရှင်များ အားကိုးအားထားပြုရသည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များဖြစ်စေရေးအတွက် ဆိုင်ရာဘာသာရပ်များကို စနစ်တကျ ကြိုးပမ်းလေ့လာ သင်ယူသွားကြရန်နှင့် သုတေသနကိုအခြေခံသော သင်ကြားသင်ယူမှုပြုလုပ်ရန်အတွက် Center Excellence ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ကျောင်းသားဗဟိုပြုစနစ်နှင့် တီထွင်သင်ကြားပေးရန် လိုအပ်ကြောင်း၊ ခေတ်မီ IT နည်းပညာများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးကြရန်၊ အားကစားနှင့် ဘက်စုံဖွံ့ဖြိုးရေးအပြင် စိတ်ဓာတ်စည်းကမ်းပညာပြည့်စုံသော လူချွန်လူကောင်းများဖြစ်စေရေး ကြိုးပမ်းသွားကြရန် အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘာသာရပ်အလိုက် စာသင်ခန်းများ၊ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်တို့ကိုကြည့်ရှုစစ်ဆေးသည်။ အလားတူ ကျောင်းအိပ်ဆောင်များနှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ




# ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူ ၆၀၀ ကျော် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဝင်ခွင့်ရ



နေပြည်တော် နိုဝင်ဘာ ၂၅

ရန်ကုန်ပညာရေးတက္ကသိုလ်သည်မြန်မာ့ပညာရေးကဏ္ဍတွင် ဦးဆောင်ဦးရွက်ပြုနိုင်မည့် ပညာရှင်များကို နှစ်စဉ်မွေးထုတ်ပေးနေသော ဦးဆောင်ပညာရေးတက္ကသိုလ်တစ်ခုဖြစ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား၊ ကျောင်းသူ ၆၀၀ ကျော် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဝင်ခွင့်ရကြောင်းသိရသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်သည် အခြေခံပညာ၏ Grade-10၊ Grade-11 နှင့် Grade-12 သင်ရိုးများနှင့် ပညာရေးသဘောတရားနှင့် ပညာရေးစီမံခန့်ခွဲမှု၊ ပညာရေးစိတ်ပညာ၊ သင်ပြနည်းနှင့် သင်ရိုးညွှန်းတမ်း၊ ကာယနှင့် ကျောင်းကျန်းမာရေး စသောပညာရေးဘာသာရပ်များ ပေါင်းစပ်ပြီး ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ဘဝတွင် အမှန်တကယ်ပြန်လည်အသုံးချနိုင်ရန် သင်ကြားပေးလျက်ရှိကြောင်း၊ ထူးချွန်သော ဆရာ၊ ဆရာမကောင်းများဖြစ်လာစေရန် ကမ္ဘာသုံး၊ အတန်းတွင်းသုံး အကဲဖြတ်စစ်ဆေးနည်းစနစ်များစွာဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အသွေးကို နှစ်စဉ်စစ်ဆေးခြင်း၊ လက်တွေ့နှင့်တန်းပြဆင်းစေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးနည်းစနစ်များတွင် ကျောင်းသားဗဟိုပြုနည်းလမ်း(Student-centered Approach)၊ ကျောင်းသားအချင်းချင်းအဖွဲ့လိုက်ဆွေးနွေးခြင်း(Group Discussion)၊ အချင်းချင်းအကဲဖြတ်စစ်ဆေးခြင်း(Peer Assessment) နှင့် စာကြည့်တိုက်အခြေပြုပရောဂျက် (Library-Based Project)တို့ဖြင့်သင်ကြား၊ သင်ယူမှုပြုလုပ်လျက်ရှိရာ ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နိုဝင်ဘာလ ၁၇ ရက်မှစ၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံလျက်ရှိပြီး သင်တန်းအသီးသီးကို နိုဝင်ဘာလ ၂၄ ရက်မှစ၍ စတင်ဖွင့်လှစ်သင်ကြားခြင်း၊ စာကြည့်တိုက်မိတ်ဆက်ခြင်း(Library Orientation) ကိုလည်း ပထမနှစ်ကျောင်းသား၊ ကျောင်းသူများအတွက် ပြုလုပ်ပေးပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

# Polytechnic University (မြိတ်) ဘွဲ့ကြို(ပထမနှစ်) သင်တန်းတက်ရောက်မည့် မောင်မယ်သစ်လွင်များနှင့် သင်တန်းများအား လှိုက်လှဲနွေးထွေးစွာကြိုဆို

မြိတ် နိုဝင်ဘာ ၂၅

Polytechnic University (မြိတ်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘွဲ့ကြို (ပထမနှစ်) သင်တန်းတက်ရောက်ကြမည့် မောင်မယ်သစ်လွင်များနှင့် သင်တန်းများအားလုံးကို ယမန်နေ့တွင် စတင်ဖွင့်လှစ်ပြီး သင်ကြားသင်ယူမှုများ စတင်ဆောင်ရွက်လျက်ရှိသည်။



Faculty of Engineering တွင် ကျောင်းသား၊ ကျောင်းသူ ၄၁၀ ဦးနှင့် Faculty of Computing တွင် ကျောင်းသား၊ ကျောင်းသူ ၃၄၂ ဦးတို့အား ဒုတိယပါမောက္ခချုပ်၊ သင်တန်းရေးရာဌာနမှူးနှင့် ဆရာ၊ ဆရာမများက လှိုက်လှဲပျူငှာနွေးထွေးစွာကြိုဆိုခဲ့ကြပြီး ဆရာ၊ ဆရာမများက ဦးဆောင်၍ သင်ကြားသင်ယူမှုများ စတင်ဆောင်ရွက်သည်။

သင်ကြားသင်ယူမှုများ စတင်ချိန်တွင် မောင်မယ်သစ်လွင်များနှင့် သင်တန်းများအားလုံးရှိ ကျောင်းသား၊ ကျောင်းသူများကို သင်တန်းရေးရာဌာနမှူးက ကျောင်းစည်းကမ်းများ၊ အဆောင်စည်းကမ်းများ၊ သင်ကြားရေးဆိုင်ရာ စည်းကမ်းများ၊ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၅-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များအား ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ယာဉ်ထိန်းရဲတပ်ဖွဲ့**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ခဲပြီ ကိုကို၊ ခဲနေပြီ'

ဒန်အိုးပေါက်စလေးထဲတွင်ထည့်ခဲထားသော သဖန်းသီးကျောက်ကျောများသည် ခဲနေချေပြီ။ ပြောင်ချောနေသောမျက်နှာပြင်ကို လက်ညှိုးနှင့် မထိတထိပွတ်ကြည့်ရင်း အမာညိုက ဝမ်းသာအားရအော်လိုက်လေသည်။

ကျော်ထွန်းညိုက ကျောက်ကျောကို မကြည့်နိုင်သေးချေ။ နို့ဆီခွက်ထဲတွင် ရေနံဆီနှင့်ထည့်စိမ်ထားသော သူ၏သားရေကွင်းများကို ပြေး၍ကြည့်နေရသောကြောင့်ဖြစ်သည်။ သားရေကွင်းများကို တုတ်ချောင်းလေးနှင့် ထိုးကာကော်ယူလိုက်သည်။ ရေနံဆီဝနေသော သားရေကွင်းများသည် ထူထူတုတ်တုတ်နှင့် အကြီးကြီးဖြစ်နေလေသည်။

'ပော့ ဒီမှာကြည့်၊ ဒီမှာကြည့်'

'ဟယ် အကြီးကြီး'

အမာညိုသည် အနီရောင်သားရေကွင်းကြီးကို လှမ်း၍ဆွဲယူလိုက်သည်။ ကျော်ထွန်းညိုက လက်ကိုနောက်ဘက်သို့ဆုတ်လိုက်သောကြောင့် သားရေကွင်းသည် အတန်ငယ်တင်းသွားသည်။ ဖတ်ခနဲပြတ်သွားသည်။

'ခွေးမလေး'

ကျော်ထွန်းညိုက မျက်လုံးပြူးကြည့်ကာ ရေရွတ်လိုက်သည်။ ရေနံဆီစိမ်ထားခြင်းအားဖြင့် သားရေကွင်းသည် ပွကာ ကြီးလာသော်လည်း အဆွဲအတင်းမခံဘဲ ဆွေးသွားတတ်သည်ကို သူ မသိချေ။

'ဟယ် ခွေးကလေး'

အမာညိုက ရေရွတ်မိပြန်သည်။ ညီလင်းညိုဖြစ်သည်။ သူသည် အမာညို၏ကျောက်ကျောခွက်ထဲသို့ လက်ညှိုးလေးကို တစွပ်စွပ်ထိုးထည့်နေသည်။ လက်ညှိုးရာအပေါက်များနှင့်မို့ သဖန်းသီးကျောက်ကျောလေးသည် ကွဲအက်ကြေမွလျက်ရှိချေပြီ။

■ ■ ■ ■ ■

၅. ၇. ၆၀

အချစ်ဆုံးသူငယ်ချင်း သက်သက်

ဒို့မိန်းကလေးတွေရဲ့ဘဝဟာ ပန်းလိုပဲတဲ့။

ဒီတော့ သဇင်လိုလည်း အမြင့်မှာ မပျော်နဲ့၊

စံပယ်လိုလည်း အညှာမလွယ်နဲ့၊

နှင်းဆီလိုလည်း ဆူးမဖက်ပါနဲ့လို့ ပြောလိုက်ချင်ပါတယ်ကွယ်။

မဆုံးသောခင်မင်မှုများဖြင့်

အမာညို

(၅. ၇. ၆၀)

အမာညိုသည် ကြိုးစားပမ်းစားရေးထားသော သူ့လက်ရေးလေးများကို တစ်ခေါက်ပြန်ဖတ်သည်။ လှပဝိုင်းစက်နေသဖြင့် ကျေနပ်စဖွယ်ပင်ဖြစ်သည်။ စာသားများကမူ အမာညို၏ မူပိုင်မဟုတ်ချေ။ တခြားသူများ ရေးလေ့ရှိသည်များကို ခိုးချပြီးရေးလိုက်ခြင်းဖြစ်သည်။

သက်သက်က အော်တိုရေးခိုင်းသောအခါ အမာညိုသည် ကောင်းကောင်းလေးရေးရန်စဉ်းစားသည်။ ကဗျာလည်းဆန်၊ ကောင်းလည်းကောင်း၊ အဓိပ္ပာယ်လေးလည်းလှအောင် စဉ်းစား၍မတတ်သောအခါ ထုံးစံအတိုင်း အလွတ်ကျက်ထားသောစာသားများကိုသာ ရေးထည့်လိုက်ရတော့သည်။

'ပော့ ဒီမှာကြည့်စမ်း'

အမာညိုလှည့်ကြည့်လိုက်သောအခါ ကင်းထောက်ဝတ်စုံလေးဝတ်ထားသော ကျော်ထွန်းညိုကို တွေ့ရသည်။ အပြာရောင်လည်စည်းကို ကြေးကွင်းလေးနှင့်စွပ်ရင်း သူ့ကိုယ်သူ မှန်ထဲပြန်ကြည့်နေသည်။

'ဘယ်သွားမလို့လဲ ကိုကို'

'လုပ်အားပေးပွဲလေ၊ ကြိုက်တာခိုင်း တစ်ကျပ်'

**"ကျော်ထွန်းညိုသည် ခပ်ပြတ်ပြတ်ပြောသည်။ သူတို့ကင်းထောက်အဖွဲ့မှ ရန်ပုံငွေအတွက် အလှူခံထွက်ရန်ဖြစ်သည်။ သို့သော် အလကားသက်သက်အလှူခံခြင်းတော့မဟုတ်ပေ။ "လုပ်ငန်းတစ်ရပ်၊ ငွေတစ်ကျပ်" သတ်မှတ်ပြီး တစ်အိမ်တက်ဆင်း အလုပ်တောင်းခံကာ ပြုလုပ်ပေးခြင်းဖြစ်သည်။ သို့သော် စေတနာရှင်အိမ်များက လူငယ်လေးများကို မခိုင်းကြပေ။ အလှူငွေသာ ထည့်လိုက်ကြသည်။ ကျော်ထွန်းညိုတို့ကမူ အမှန်တကယ် အလုပ်လုပ်ချင်သည်။ တန်ရာတန်ကြေး လုပ်ပေးပြီးမှ ထည့်လှူသောငွေကို ပို၍လိုချင်မိလေသည်..."**

'ကိုကိုက ချောလို့'

'ဟား ဟား၊ တရော်သုတ်ထားတာ ချောမှာပေါ့ဟ'

ကျော်ထွန်းညိုက ဦးထုပ်ကလေးကို ကောက်ယူပြီး မစောင်းတစောင်းလေး ဆောင်းလိုက်သည်။

'ကိုကို ဟိုက တကယ်ခိုင်းနေရင် တကယ်လုပ်ရမှာနော်၊ ရှိုးတွေ မိုးတွေ သိပ်ထုတ်မနေနဲ့'

'လုပ်မှာပေါ့'

ကျော်ထွန်းညိုသည် ခပ်ပြတ်ပြတ်ပြောသည်။ သူတို့ကင်းထောက်အဖွဲ့မှ ရန်ပုံငွေအတွက် အလှူခံထွက်ရန်ဖြစ်သည်။ သို့သော် အလကားသက်သက်အလှူခံခြင်းတော့ မဟုတ်ပေ။ "လုပ်ငန်းတစ်ရပ်၊ ငွေတစ်ကျပ်" သတ်မှတ်ပြီး တစ်အိမ်တက်ဆင်း အလုပ်တောင်းခံကာ ပြုလုပ်ပေးခြင်းဖြစ်သည်။ သို့သော် စေတနာရှင်အိမ်များက လူငယ်လေးများကို မခိုင်းကြပေ။ အလှူငွေသာ ထည့်လိုက်ကြသည်။ ကျော်ထွန်းညိုတို့ကမူ အမှန်တကယ် အလုပ်လုပ်ချင်သည်။ တန်ရာတန်ကြေးလုပ်ပေးပြီးမှ ထည့်လှူသောငွေကို ပို၍လိုချင်မိလေသည်။

'ကဲ သွားမယ်'

ကျော်ထွန်းညိုသည် သူ့ကိုယ်သူကြည့်၍ ကျေနပ်သွားသောအခါ ခပ်သွက်သွက်ထွက်သွားသည်။

အမာညိုသည် စားပွဲပေါ်မှ ပဲကြီးလှော်တစ်စေ့ကို ကောက်ဝါးလိုက်ပြီး အော်တိုစာရွက်ကလေးများကို တဖျပ်ဖျပ်လှန်လိုက်သည်။

"သင် အနှစ်သက်ဆုံးများကို ရေးပေးပါ" ဟူသော ခေါင်းစီးရှိ စာမျက်နှာကိုရောက်သောအခါ ဖောင်တိန်ကို တစ်ခါဖွင့်ရပြန်သည်။

"အရောင် . . . အဖြူရောင်" ဟုရေးလိုက်သည်။ အဖြူရောင်ကြိုက်သောမိန်းကလေးသည် စိတ်ထားဖြူစင်သည်ဟုပြောသောကြောင့် အဖြူရောင်ကြိုက်လိုက်ခြင်းဖြစ်သည်။ စင်စစ် အမာညိုကြိုက်သော အရောင်သည် အနီရဲရဲ စူးစူးတောက်တောက်အရောင်များဖြစ်သည်။

စာရေးဆရာ　　တက္ကသိုလ်ဘုန်းနိုင်

ဝတ္ထု　　ညီမလေးရယ် စိုးရိမ်မိတယ်

အဆိုတော်　　သန်းသန်းဆင့်

သီချင်း　　အစ်ကိုကြီးရယ် စိုးရိမ်မိတယ်

ထိုအကွက်များကိုကား စဉ်းစားရန်မလို။ ကိုယ့်အကြိုက်ကို ကိုယ်ပြတ်ပြတ်သားသား သိလေသည်။ သို့သော် ပန်းဟူသောနေရာတွင်ကား အခက်ကြုံပြန်သည်။ အမာညိုသည် ဘာပန်းအကြိုက်ဆုံးနည်း၊ သူ့ကိုယ်သူ မသိရှာပေ။ စံပယ်ကိုလည်း ကြိုက်သည်၊ နှင်းဆီကိုလည်း ကြိုက်သည်၊ ခရေပန်းကိုလည်း ကြိုက်သည်ပင်။ ကံ့ကော်၊ သရဖီ၊ ပိတောက်များကိုမြင်လည်း အငမ်းမရဖြစ်တတ်သည်သာဖြစ်သည်။ နောက်ဆုံး ကုန်ကုန်ပြောရလျှင် ခေါင်ရန်းပန်းအပွင့်ကားကားကြီးများကိုပင် အမာညိုသည် မငြင်းမဆန် ပန်ဆင်လေ့ရှိသူဖြစ်သည်။ ထို့ကြောင့် "အားလုံးကြိုက်သည်"ဟု ရေးထည့်လိုက်သည်။

ရုပ်ရှင်　　ဤဘဝဝယ်

ထိုနေရာတွင်တော့ စဉ်းစားရန်မလို၊ ရွေးရန်မလို၊ အမာညိုသည် ရုပ်ရှင်များများကြည့်ရသူမဟုတ်ပေ။ တစ်နှစ်နေမှ နှစ်ကား၊ သုံးကား လောက်သာကြည့်ရသူဖြစ်သည်။ ထို့ကြောင့် ရွေးစရာမလိုချေ။ သူကြည့်ရသောကားကိုပင် အကြိုက်ဆုံးအနေဖြင့် သတ်မှတ်ကာ ရေးထည့်လိုက်ရသည်။

ရုပ်ရှင်မင်းသား　　မြင့်အောင်၊ မောင်မောင်တာ

ရုပ်ရှင်မင်းသမီး　　ခင်ယုမေ၊ မြင့်မြင့်ခင်

'ပော့ မမ ဘာတွေလုပ်နေလဲ'

ညီလင်းသည် အမာညို၏ပခုံးကို ပုတ်လိုက်သည်။ အာရုံစူးစိုက်စွာ ရေးနေသော အမာညိုသည် ဆတ်ခနဲ တုန်သွားလေသည်။ အမာညိုဖြည့်ထားသောအကွက်လေးများကို ညီလင်းက အပေါ်မှဆီးပြီး ငုံ့ဖတ်နေသည်။

'ဘယ်သူ့အော်တိုလဲ'

'ငါ့သူငယ်ချင်း သက်သက်'

ညီလင်းသည် အမာညို၏လက်ထဲမှ အော်တိုလေးကိုဆွဲယူကာ အစဘက်သို့ လှန်ကြည့်လိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

## လှည်းကူးမြို့နယ်၌ ရပ်ကွက်/ကျေးရွာ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများအား ရပ်ကွက်/ကျေးရွာလုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာလ ၂၄ ရက်က လှည်းကူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအသန်းက ရပ်ကွက်/ကျေးရွာလုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းက ရပ်ကွက်/ကျေးရွာလုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့



**■ ရှေ့ဖုံးမှအဆက်**

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့်ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့နယ်၊ ကျုံကူးကျေးရွာ၊ စိတ္တသုခဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျုံကူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၀ ဦး၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၈ ဦး၊ ကလေးရောဂါ ၄၁ ဦး၊ အရိုးရောဂါ ၉၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၁ ဦး၊ မျက်စိရောဂါ ၅၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၁၀ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၅ ဦး၊ မျက်စိခွဲစိတ်လူနာ ၃၂ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၉၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများသည် ကျုံကူးကျေးရွာ၊အခြေခံပညာအထက်တန်းကျောင်း၌ “ဘဝတစ်သက်တာကျန်းမာရေး” ခေါင်းစဉ်ဖြင့်ကျောင်းကျန်းမာရေးပညာပေးဟောပြောရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။





တက်ရောက်ခဲ့ကြသည်။

၎င်းအပြင် ဆေးဝါးလာရောက်ကုသမှုခံယူကြသည့်ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိခဲ့ရပါတယ် -

“နှာခေါင်းတွေနံလာပြီဆိုလို့ရှိရင် နေပူထဲထွက်လို့မရဘူး။ နေပူထဲထွက်တာနဲ့ အဲ့လိုအနံ့တွေထွက်လာရော၊ နှာရည်တွေလည်းယိုတာပေါ့နော်၊ နှာခေါင်းထဲထည့်တဲ့ဆေးပေးတယ်။ သောက်ဆေးပေးတယ်။ ကောင်းသွားတယ်။ ငါးရက်စာပေးရင် သုံးရက်လောက်နဲ့ပဲ ကောင်းသွားတယ်။ သံလွင်သင်္ဘောလာတယ်ဆိုတော့ အားကိုးတာပေါ့။ ကောင်းမှန်းသိလို့လာတာပေါ့”ဟု ပြောသည်။

“လည်ပင်းတစ်ဆို့ဆို့ဖြစ်တာ သုံးလေးရက်လောက်တစ်ခါဖြစ်တယ်။ နောက်ပြန်ပျောက်သွားလိုက်၊ ဖြစ်လိုက် အဲသလို။ ဆရာဝန်က ဆေးပေးလိုက်တယ်လေ။ တစ်နေ့တစ်ခါ သောက်ဖြစ်တဲ့အချိန်မှာ သောက်ပေါ့နော်၊ အဲဒါဆိုကောင်းသွားမယ်ပေါ့။ အားလုံးအဆင်ပြေပါတယ်။ မိသားစုပုံစံမျိုးလည်းဆက်ဆံတယ်။ လူအများအတွက်ကို လာပြီးအကျိုးဆောင်ပေးတဲ့အတွက် အထူးဝမ်းသာတယ်။ လှိုက်လှိုက်လှဲလှဲလည်း ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။ (၁၀၀)




တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေးပညာပေးဟောပြောစဉ်။

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲပေါင်း ၇၁၇ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၇၁၇ တွဲရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ပြပွဲဒသမနေ့တွင် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲအမှတ် (၄၄၀၁) မှ (၅၀၈၅)အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင်ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့်ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၆ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်ရန်၊ နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းမှုများရရှိနိုင်စေရန်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုနိုင်ရန် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုကျင်းပသည့် အကြိမ်(၆၀)မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၄၄၃ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၇ တွဲ၊ အုပ်စု(အေနှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၁၁၀ တွဲနှင့် အုပ်စု(စီ)မှကျောက်စိမ်းအတွဲပေါင်း ၁၄၁၂ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။ **မြဝတီ**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **(မိုး/ဇလ)**

**➤ ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာမှ**

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးမင်းဇော်ဝင်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## တာဝန်မှရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
**အမိန့်အမှတ်၊ ၄၉ /၂၀၂၅**
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

**တာဝန်မှရပ်စဲခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန့်စင်အား တာဝန်မှရပ်စဲလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

◆ **ကျောဖုံးမှအဆက်**

အနောက်-အနောက်မြောက်ဘက် ရေမိုင် ၅၀ မိုင်ခန့်၊ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေးမြို့(Banda Aceh)၏အရှေ့ဘက် ရေမိုင် ၂၆၀ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ကားနီကိုးဘားမြို့(Car Nicobar)၏ အရှေ့တောင်ဘက် ရေမိုင် ၄၇၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၃နာရီခွဲအချိန်တွင် မြောက်လတ္တီတွဒ် ၅ ဒသမ ၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၆ ဟက်တိုပါစကယ်နှင့်အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

### MWD Variety Channel

၂၆-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | ရှာဖွေလေ့လာပြတိုက်မှာ |
| ၂။ | ၁၀:၂၅ | မှတ်သားလေ့လာအိမ်တွင်းမှုပညာ |
| ၃။ | ၁၁:၃၅ | ကမ္ဘာတစ်ခွင်မှတ်တမ်းဝင် |
| ၄။ | ၁၅:၅၅ | ဗုဒ္ဓဓမ္မအသိများတိုးပွားရကြစေ |
| ၅။ | ၂၂:၃၅ | ရောင်စုံပျံ့သင်းစာပန်းခင်း |

## အရာတော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောနှမ်းဧက ၃၁၂၁၀ ရိတ်သိမ်းပြီးစီး

**အရာတော် နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောနှမ်းဧက ၃၁၂၁၀ ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှသိရသည်။

အရာတော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင်နှမ်းဧက ၄၃၀၅၀ အထိစိုက်ပျိုးနိုင်ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ်သြဂုတ်လမှစတင်၍ ရိတ်သိမ်းကြရာ ယနေ့အထိ ဧက ၃၁၂၁၀ ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၀ တင်းကျော်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် အရာတော်မြို့နယ်မှ နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

## ရပ်စောက်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး ကွင်းဆင်းဆောင်ရွက်

**ရပ်စောက် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် လွယ်ကိုးကျေးရွာ၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများမှန်ကန်စေရေး နိုဝင်ဘာလ ၂၄ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရပ်စောက်မြို့နယ်အတွင်း မဲဆန္ဒရှင်ဒေသခံပြည်သူများ မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲစာရင်းတွင်ပါဝင်နိုင်ရေးအတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေနှင့် သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများက လွယ်ကိုးကျေးရွာအုပ်စုအတွင်းရှိ မဲဆန္ဒရှင်စာရင်းများမှန်ကန်မှု ရှိ၊ မရှိ တစ်အိမ်တက်ဆင်းကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြောင်းသိရသည်။

(၄၀၅)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဌက္ကဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊
၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သွားနှင့်ခံတွင်းကျန်းမာရေး

"နေ့စဉ် သွားကြားထိုးကြိုး အသုံးပြုခြင်းက ကျန်းမာရေးအတွက်ကောင်းသည်။ သွားကြားထိုးကြိုး သုံးသည့်အခါ သွားကြားနှင့် သွားဖုံးလိုင်းတစ်လျှောက် စားကြွင်းစားကျန်ကင်းစေသည့်အတွက် သွားဖုံးရောဂါ နှင့် တခြားပြင်းထန်ဆိုးရွားသော ကျန်းမာရေးပြဿနာ များ မဖြစ်စေပါ။ သွားကြားထိုးကြိုးအသုံးပြုခြင်းက ခန္ဓာကိုယ်ရှိ နာတာရှည်ရောင်ရမ်းမှုဖြစ်သော နှလုံး ရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ရောဂါနှင့် လမစေ့ဘဲ ကလေးမွေးဖွားခြင်းတို့နှင့်ဆက်စပ်နေသည့် ဗက်တီး ရီးယားပိုးမွှားများကို ကင်းဝေးစေသည် . . ."

သွားနှင့်ခံတွင်းကျန်းမာရေးကို အရေးတကြီးဂရုစိုက်ရန် လိုအပ်သည်။ ခံတွင်းသန့်ရှင်းရေးကို သေချာစွာဂရုစိုက်မှသာ ခံတွင်းအနံ့ဆိုးမထွက်ဘဲ လူကြားထဲ စကားပြောရန် ယုံကြည်မှုရှိလာမည်ဖြစ်သည်။ သွားပျက်စီးခြင်းနှင့် သွားဖုံးရောဂါဖြစ်ခြင်းမှလည်း တားဆီးနိုင်မည်ဖြစ်ပြီး အသက်ကြီးသည်အထိ သွားကျန်းမာနေမည်ဖြစ်သည်။

ခံတွင်းသန့်ရှင်းရေးဂရုစိုက်ရန် ပျက်ကွက်လျှင် သွားနှင့်သွားဖုံးတင်မက ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ဆီးချိုမထိန်းနိုင်ခြင်း၊ လမစေ့ဘဲ ကလေးမွေးခြင်းကဲ့သို့ပြဿနာများပါ ဖြစ်ပွားလာနိုင်သည်။ ခံတွင်းကျန်းမာရေးလိုအပ်ကြောင်း ပြသနေသောအချက်များမှာ-

**သွားကိုက်ခြင်း**

သွားကိုက်ခြင်းသည် သွားနှင့်ခံတွင်းပြဿနာများထဲမှ အဖြစ်အများဆုံးနှင့် အသိသာဆုံးတစ်ခုဖြစ်သည်။ အဓိကအကြောင်းရင်းမှာ သွားပိုးစားခြင်းကြောင့်ဖြစ်သည်။ သွားဖုံးတွင် ရောဂါရှိသောကြောင့်လည်း ဖြစ်နိုင်သည်။

**သွားကျဉ်ခြင်း**

ရေအေးဖြစ်စေ၊ အပူဖြစ်စေသောက်လိုက်သည်နှင့် သွားကျဉ်ပြီဆိုပါက သွားအမြစ်အထိ ပိုးစားနေပြီဆိုသည့်လက္ခဏာဖြစ်သည်။ သွားကျိုးခြင်း၊ သွားကြွေပါးလွှာခြင်းကြောင့်လည်း သွားကျဉ်ခြင်းဖြစ်တတ်သည်။

**သွားဖုံးသွေးယိုခြင်း**

သွားဖုံးမှသွေးများထွက်နေပြီး သွားတိုက်တိုင်း သွားပွတ်တံ နီနေသည်၊ သွားဖုံးကိုထိလိုက်လျှင်လည်း နာနေသည်ဆိုပါက သွားဖုံးရောင်ခြင်းဖြစ်နိုင်သည်။ နောက်တစ်ချက်မှာ ဗီတာမင်-C ချို့တဲ့ခြင်းဖြစ်သည်။ ဗီတာမင်-C ချို့တဲ့ခြင်းကြောင့် ရေစီးကမ်းပြိုဖြစ်ကာ သွားဖုံးသွေးယိုခြင်းဖြစ်တတ်သည်။ စစ်ဆေးမှုမခံယူပါက သွားဖုံးရောဂါဆိုးရွားသည့်အဆင့်ထိ ရောက်သွားနိုင်သည်။

**ခံတွင်းအနာများ**

ခံတွင်းထဲတွင် အနာများပေါက်နေခြင်း၊ အတွင်းပါးစောင်တွင် အဖြူကွက်ဖြစ်ခြင်းစသည့်မှိုပိုးဝင်သောအနာများကို မြင်ဖူးကြမည်ဖြစ်သည်။ တချို့က သူ့ဘာသာပြန်ပျောက်သွားသော်လည်း ကိုယ်ထဲသို့ ဗက်တီးရီးယားပိုးဝင်ခြင်း၊ ဗိုင်းရပ်စ်သို့မဟုတ် မှိုပိုးဝင်ခြင်း၊ ခုခံအားနည်းခြင်းကြောင့်ဖြစ်သောအနာများ အချိန်ကြာစွာရှိနေတတ်သည်။ သွားတု(စိုက်ထားသည့်သွား၊ အံကပ်၊ သွားဖာထားခြင်း) များကြောင့်လည်း ထိုသို့ပိုးဝင်ပြီး အနာပေါက်ခြင်းဖြစ်နိုင်သည်။

**ခံတွင်းနံ့ဆိုးခြင်း**

ခံတွင်းနံ့ဆိုးခြင်းသည် သွားနှင့်ခံတွင်းသန့်ရှင်းရေးကို ဂရုမစိုက်သည့်အတွက် တံတွေးခန်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ဝမ်းချုပ်ခြင်းတို့ကြောင့် ဖြစ်ရသည်။ သွားမှန်မှန်တိုက်နေသည့်တိုင် ခံတွင်းနံ့ဆိုးနေသေးသည်ဆိုလျှင် နာတာရှည်သွားဖုံးရောဂါ၏လက္ခဏာ ဖြစ်နိုင်သည်။

**သွားနဲ့ပြဿနာပေါ်ခြင်း**

သွားပွဲ့ခြင်း၊ သွားကျိုးခြင်း၊ သွားရှည်ထွက်လာသကဲ့သို့ဖြစ်ခြင်းတို့သည်လည်း ခံတွင်းကျန်းမာရေးမကောင်း၍ဖြစ်ရသော လက္ခဏာများဖြစ်သည်။ သွားဖုံးများကျုံ့သွားခြင်း၊ တိုသွားခြင်းတို့ကြောင့် သွားရှည်ထွက်ခြင်းဖြစ်နိုင်သည်။ သွားဖုံးတစ်သျှူးများနှင့် မေးရိုးများထိခိုက်နိုင်သည်။ နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် အသက်ရှူလမ်းကြောင်းရောဂါများ ဖြစ်နိုင်သည်။

**သွားအရောင်ပြောင်းခြင်း**

သွားဝါခြင်း၊ သွားမည်းနေခြင်း၊ သွားအရောင် ညိုညစ်ညစ်ဖြစ်ခြင်းတို့သည် သောက်နေကျဆေးဝါးများ၏ နောက်ဆက်တွဲဆိုးကျိုးကြောင့်ဖြစ်သည်။ ထိုလက္ခဏာများဖြစ်လာပါက ဆေးခန်းပြခြင်းကိုသာ အာရုံထားကြပြီး အရေးကြီးဆုံးဖြစ်သော ခံတွင်းသန့်ရှင်းရေးကို မေ့နေတတ်ကြသည်။

**သွားကြားထိုးကြိုးအသုံးပြုခြင်း**

နေ့စဉ် သွားကြားထိုးကြိုး အသုံးပြုခြင်းက ကျန်းမာရေးအတွက်ကောင်းသည်။ သွားကြားထိုးကြိုးသုံးသည့်အခါ သွားကြားနှင့် သွားဖုံးလိုင်းတစ်လျှောက် စားကြွင်းစားကျန် ကင်းစေသည့်အတွက် သွားဖုံးရောဂါနှင့် တခြားပြင်းထန်ဆိုးရွားသော ကျန်းမာရေးပြဿနာများ မဖြစ်စေပါ။ သွားကြားထိုးကြိုးအသုံးပြုခြင်းက ခန္ဓာကိုယ်ရှိ နာတာရှည်ရောင်ရမ်းမှုဖြစ်သော နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ရောဂါနှင့် လမစေ့ဘဲ ကလေးမွေးဖွားခြင်းတို့နှင့်ဆက်စပ်နေသည့် ဗက်တီးရီးယားပိုးမွှားများကို ကင်းဝေးစေသည်။

သွားတိုက်ခြင်း၊ သွားကြားထိုးကြိုး အသုံးပြုခြင်း၊ ပလုတ်ကျင်းခြင်းအပြင် လျှာကိုပါ တိုက်ပေးမှသာ ခံတွင်းအနံ့ဆိုး ကင်းဝေးစေမည်။ ခံတွင်းထဲရှိ စားကြွင်းစားကျန်များတွင် ဗက်တီးရီးယားပိုး ပေါက်ပွားပျံ့နှံ့ရာမှ ခံတွင်းအနံ့ဆိုးထွက်သည့်သွားကို သန့်စင်ရန် ပြုလုပ်ပေးပါက အနံ့ဆိုးမထွက်တော့ပါ။ လေ့လာမှုအရ နေ့စဉ် သွားတိုက်တိုင်း လျှာကို စက္ကန့် ၆၀ ကြာ နှစ်ကြိမ်တိုက်လေ့ရှိသူများသည် နှစ်ပတ်ကြာသည့်အခါ အနံ့ဆိုးထွက်စေသည့် ဆာဖာဒြပ်ပေါင်း ၅၃ ရာခိုင်နှုန်း လျော့နည်းသွားသည်ကို တွေ့ရသည်။

**ပလုတ်ကျင်းဆေးရည်အသုံးပြုခြင်း**

ကလိုဟက်စီဒင်း (Chlorhexidine, Cetylpyridinium chloride, Zinc Lastrate)၊ ကလိုရင်းဒိုင်အောက်ဆိုဒ် (Chlorine di-oxide) စသည့်ပိုးမွှားကင်းသော ပါဝင်ပစ္စည်းများ၏ ပလုတ်ကျင်းဆေးရည်ကိုလည်း အသုံးပြုနိုင်သည်။

**သွားနှင့်ခံတွင်းကို ဓာတ်မှန်ရိုက်ခြင်း**

အမေရိကန် သွားနှင့်ခံတွင်းဆိုင်ရာအဖွဲ့အစည်း၏ အကြံပြုချက်အရ သွားနှင့်ခံတွင်းဓာတ်မှန်ရိုက်ရန် လိုအပ်သူများမှာ-

သွားပိုးပေါက် သို့မဟုတ် တခြားသွားပြဿနာရှိနေခြင်း၊ သွားကိုစနစ်တကျသန့်စင်သော်လည်း သွားများမည်းညစ်နေခြင်း၊ ဓာတ်မှန်အပြည့်အစုံရိုက်ရန်လိုအပ်သောလူနာအသစ်ဖြစ်လျှင် မတော်တဆထိခိုက်မှုကဲ့သို့ တချို့သောအကြောင်းရင်းများရှိခြင်းတို့ကြောင့်လည်း သွားနှင့်ခံတွင်းပြဿနာ ဖြစ်တတ်သည့်အတွက် ဓာတ်မှန်ရိုက်ကြည့်ရန်လိုအပ်သည်။

အဆိုပါနည်းများဖြင့် မပျောက်ပါက သွားဖုံးရောဂါ၊ အာခေါင်ခြောက်ခြင်း၊ နှာခေါင်းပိုးဝင်ခြင်း၊ အာသီးရောင်ခြင်း၊ အစာအိမ်အူလမ်းကြောင်းနှင့် အသက်ရှူလမ်းကြောင်း ကူးစက်ပိုးဝင်ခြင်း ရှိ၊ မရှိ ဆရာဝန်နှင့် တိုင်ပင်စစ်ဆေးသင့်သည်။

အချုပ်အားဖြင့်ဆိုသော် သွားကျန်းမာရေးသည် ခံတွင်းပိုင်းဆိုလျှင် သွားတိုက်ရန်လိုသည်။ သွားများဖြူဖွေးပြီး ကျန်းမာခိုင်ခံ့နေပါက ကောင်းသောလက္ခဏာဖြစ်သည်။ တင်းရင်းသည့်သွားဖုံးရှိသင့်သည်။ သွားဖုံးက ဂျယ်လီကဲ့သို့ပျော့နေခြင်း၊ ပန်းရောင်မဟုတ်ဘဲ အရောင်ပြောင်းခြင်း၊ ရောင်နေခြင်း စသည့်သွားဖုံးပြဿနာများ မရှိသင့်ပါ။ သွားပိုးပေါက်မရှိခြင်းက ကျန်းမာစေသည်။ လှပသည့်သွားဖြစ်ရန် နေ့စဉ် နှစ်ကြိမ်သွားတိုက်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

# ပုသိမ်ခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ဧက ၅၈၀၀ ကျော် စိုက်ပျိုးမည်



ပုသိမ် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းဧက ၅၈၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူ၏ ပြောကြားချက်အရ သိရသည်။

ပုသိမ်ခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၅၈၂၇ ဧကအထိ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ပုသိမ်မြို့နယ်၌ ၁၁၂ ဧက၊ ကန်ကြီးထောင့်မြို့နယ်၌ ၉၅ ဧက၊ သာပေါင်းမြို့နယ်၌ ၁၈၅၄ ဧက ငပုတောမြို့နယ်၌ ၃၇၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံတွေစိုက်ပျိုးရာမှာ တောင်သူတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာနဲ့ တခြားပံ့ပိုးကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဖူးစားပြောင်းဧက ၅၈၀၀ ကျော်အထိ လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ တခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းနဲ့ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ဒေါ်အေးအေးမူကပြောသည်။

ပုသိမ်ခရိုင်၌ ဖူးစားပြောင်းများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန်၊ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြောင်တောင်ပိုး စသည့်ပိုးမွှားအန္တရာယ်များမကျရောက်စေရန်၊ အထွက်နှုန်းကောင်းမွန်စေရန်နှင့် အရည်အသွေးကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီး ဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသကဲ့သို့ ဒေသခံတောင်သူများကလည်း စိုက်ဧကများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သုတကျော်




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သော ပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦး သေဆုံးလည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသေဆုံးလည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## မိတ္ထီလာခရိုင်၌ စိုက်ပျိုးထားသောမိုးနေကြာများ စတင်ရိတ်သိမ်း၊ တစ်ဧက ၁၅ တင်းကျော်ထွက်ရှိ

**မိတ္ထီလာ နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ စိုက်ပျိုးထားသော မိုးနေကြာများစတင် ရိတ်သိမ်းရာ တစ်ဧက ၁၅ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့တွင် မိုးနေကြာစိုက်ပျိုးရာ စိုက်ပျိုးဧကများ ပန်းတိုင်အထွက်နှုန်းရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ပြီး ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိတ္ထီလာခရိုင်တွင် မိုးနေကြာစိုက်ပျိုးဧက ၄၂၀၀ ကျော် သတ်မှတ်လျာထားပြီး စိုက်ပျိုးရာ မိတ္ထီလာမြို့နယ်တွင် မိုးနေကြာစိုက်ပျိုးဧက ၁၉၅၄ ဧက၊ မလှိုင်မြို့နယ်တွင် မိုးနေကြာစိုက်ပျိုးဧက ၄၂၇ ဧက၊ သာစည်မြို့နယ်တွင် မိုးနေကြာစိုက်ပျိုးဧက ၁၅၇၉ ဧကနှင့် မလှိုင်မြို့နယ်တွင် မိုးနေကြာစိုက်ပျိုးဧက ၂၄၂ ဧက စိုက်ပျိုးနိုင်ခဲ့သည်။

မိတ္ထီလာခရိုင်တွင် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးနေကြာစုစုပေါင်း ၄၂၀၂ ဧက စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးဧကများ စတင်ရိတ်သိမ်းရာ တစ်ဧက ၁၅ တင်းကျော် ထွက်ရှိကြောင်း သိရသည်။ (၆၀၂)

## ဒုတိယအကြိမ်မဲစာရင်းများ ထုတ်ပြန်ကြေညာထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေး

**လဲချား နိုဝင်ဘာ ၂၄**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ရပ်ကွက်/ကျေးရွာများရှိ သတ်မှတ်နေရာများ၌ ထုတ်ပြန်ကြေညာထားရာ နိုဝင်ဘာလ ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က လဲချားမြို့နယ်ရှိ မဲဆန္ဒရှင် ဒေသခံပြည်သူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။ ထို့နောက် မဲဆန္ဒရှင် ဒေသခံပြည်သူများက မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုနေမှုကို လိုက်လံကြည့်ရှု အားပေးသည်။

ယခု ဒုတိယအကြိမ် ထုတ်ပြန်ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းများကို ပြည်သူများ မဲစာရင်းတွင် ပါဝင်ခြင်းရှိ၊ မရှိ သိရှိနိုင်ရန်အတွက် နိုဝင်ဘာလ ၂၁ ရက်မှ ဒီဇင်ဘာလ ၄ ရက်အထိ ထုတ်ပြန်ကြေညာထားမည်ဖြစ်ပြီး ထုတ်ပြန်ထားသော မဲဆန္ဒရှင်စာရင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် အမည်စာရင်းမပါရှိသူများ အနေဖြင့် ထပ်တိုးစာရင်းပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲဆန္ဒရှင်အချက်အလက်များ ပြင်ဆင်လိုပါက ပုံစံ(၄-ဂ)ဖြင့်လည်းကောင်း၊ မဲစာရင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပုံစံ(၄)ဖြင့်လည်းကောင်း ဖြည့်စွက်၍ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူလျှောက်ထားနိုင်သည်။

လဲချားမြို့နယ်၌ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၁၉ စု၊ လျာထားမဲရုံ ၃၃ ရုံတို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဒုတိယအကြိမ် ကပ်ထားကြေညာသည့် မဲဆန္ဒရှင်ဦးရေ စုစုပေါင်း ၂၆၅၀၂ ဦးရှိကြောင်း သိရသည်။ (၄၁၄)

## မဲရုံဆီသို့ သွားကြစို့

❖ ဒီမိုကရေစီ၊ ပန်းတိုင်ဆီသို့
လှမ်းချီတက်ရေး၊ သမိုင်းပေးတွက်
ရွေးကောက်အပ်နှင်း၊ မဲပေးခြင်းတွင်
သင်းဖွဲ့ချင်းယှဉ်၊ ပုဂ္ဂိုလ်ခင်သည့်
အမြင်အတ္တ၊ ခဝါချလော့
ဝါဒသန့်ရှင်း၊ ရန်လိုကင်းလျက်
အပ်နှင်းအာဏာ၊ လေးစားစွာဖြင့်
ပညာသီလ၊ ကျင့်ဝတ်လှကာ
စံပြလူမော်၊ စွမ်းရည်ကျော်သည့်
လူတော်လူကောင်း၊ မဟော်လောင်းကို
နှစ်ထောင်းကြည်ဖြူ၊ ရွေးချယ်ယူရေး
ဖြူစင်သောမဲ၊ ပေးကာနွှဲဖို့
မဲရုံဆီသို့ သွားကြစို့။

❖ ယုံကြည်လေးစား၊ ပြည်သူများ၏
တရားသဖြင့်၊ ရပိုင်ခွင့်နှင့်
ထူးတင့်စွမ်းစ၊ မြတ်စာဂတို့
မှျတကျင့်သုံး၊ ဖြူနှလုံးဖြင့်
ထုံးမီစံဝင်၊ မှူးတော်ဝင်ကို
မြော်မြင်မဲပေး၊ ပြည့်အရေးမှာ
ပေးသူလည်းတော်၊ ရသူတော်မှ
လွှတ်တော်စွမ်းအား၊ ပတ္တမြားသို့
အမှားကင်းကွာ၊ တန်ဖိုးသာကာ
သာယာပြည်ဝန်း၊ သပြေလန်းလျက်
ငြိမ်းချမ်းတေးသီ၊ ဖွံ့ဖြိုးစည်မည်
ချစ်ကြည်စည်းလုံး၊ မြတ်နှလုံးဖြင့်
အားလုံးရင်ထဲ ခိုင်ခိုင်မြဲ။
သာခင်းဆင်နွှဲ ရွေးကောက်ပွဲ။ ။

**မောင်မင်းသိမ်း(သရက်)**

### MWD Education, Knowledge & Sports Channel

၂၆-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၀၅ | Grade - 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ - ၁၆:၄၅ | Grade - 7 | သင်္ချာ(၁)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ - ၁၇:၂၀ | Grade - 7 | သမိုင်း၊ သိပ္ပံ |

# စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြ



နေပြည်တော် နိုဝင်ဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာဆိုဗိမာန် RC သုံးထပ်အဆောက်အအုံ တည်ဆောက်နေမှုနှင့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် အဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ရန် ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အိန္ဒိယနိုင်ငံအစိုးရ၏အကူအညီအထောက်အပံ့ဖြင့်ဆောင်ရွက်လျက်ရှိသည့်စာဆိုဗိမာန် RC သုံး ထပ်အဆောက်အအုံစီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရန်နှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရန်၊ အထပ်လိုက်ခင်းကျင်းပြသမည့် စာပေအနုသုခုမလက်ရာများနှင့် အတွင်းပိုင်းအလှဆင်ခြင်းလုပ်ငန်းများ ခေတ်မီဆန်းသစ်လှပသော ဒီဇိုင်းပုံစံများဖြစ်စေရန်၊ ကဏ္ဍအလိုက်ခင်းကျင်းပြသမည့်စာပေအနုပညာဆိုင်ရာပစ္စည်းများ စုဆောင်းထားရှိရန်နှင့် လှူဒါန်းမှုရရှိနိုင်ရေးစနစ်တကျစီမံဆောင်ရွက်ရန်၊ နိုင်ငံတော်၏ တစ်ခုတည်းသော စာဆိုဗိမာန်ဖြစ်သည်နှင့်အညီ ခေတ်မီသစ်လွင်တောက်ပသည့် အဆောက်အအုံဖြစ်စေရန်၊ ပြောင်းရွှေ့ဖွင့်လှစ်မည့် စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်ကို တိတ်ဆိတ်ငြိမ်သက်သည့်ရပ်ဝန်းဖြစ်စေရေးနှင့် အဆောက်အအုံပိုင်းပြင်ဆင်မွမ်းမံမှုများ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာဆိုဗိမာန်တည်ဆောက်ရေး စီမံကိန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှု၊ အတွင်းပိုင်းအလှဆင်ခြင်းနှင့် လျှပ်စစ်မီးပိုင်းဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး စာပေဗိမာန်စာတည်းမှူးချုပ်က စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် ပြောင်းရွှေ့ဖွင့်လှစ်မည့် အဆောက်အအုံသစ်နေရာပြုပြင်မွမ်းမံဆောင်ရွက်နေမှုများ၊ ပြောင်းရွှေ့မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

မြဝတီ

# ကျုံပျော်မြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများ One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျုံပျော်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားလာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို လုပ်ငန်းဆိုင်ရာအခက်အခဲများ မေးမြန်းဆွေးနွေးပြီး ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေး One Stop Service ဖြင့်ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းပိုမိုထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတော်မှဖွဲ့စည်းထားသည့် ငါးဦးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးကာ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအတွင်း အသက်ပြည့်မီပြီး နိုင်ငံသားကတ်ပြားမရရှိသူများမကျန်ရှိစေရေးနှင့်မှားယွင်းမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကာယကံရှင်ပြည်သူများထံပေးအပ်ပြီး ပါဝင်ကူညီဆောင်ရွက်သည့် ဌာနဆိုင်ရာများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

မကြာမီကျင်းပတော့မည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်မဲပေးနိုင်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည် သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူများကို Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်းထုတ်ပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေးနှင့် မျှော်မှန်းဆုတံဆိပ်များရရှိရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၅

(၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေးနှင့် မျှော်မှန်းဆုတံဆိပ်များရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံရှိ ဘန်ကောက်၊ ချွန်ဘူရီနှင့် ဆုန်ခလာမြို့တို့၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့များ၏ အားကစားအောင်နိုင်ရေး၊ အားကစားနည်းအလိုက် မျှော်မှန်းဆုတံဆိပ်များရရှိရေး၊ ပြိုင်ပွဲကာလအတွင်းတည်းခိုနေထိုင်မှု၊ စားသောက်မှု၊ လေ့ကျင့်မှုများနှင့် ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးစစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကြိုတင်ခွဲဝေဆောင်ရွက်ရေးနှင့် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများဆွတ်ခူးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တာဝန်ရှိသူများက ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြန်မာအားကစားအဖွဲ့အောင်နိုင်ရေးနှင့် ဆုတံဆိပ်များရရှိရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်း(MTM)၏(၂၀၂၅-၂၀၂၆) ခုနှစ် သက်တမ်းအတွက် တာဝန်ထမ်းဆောင်မည့် အလုပ်အမှုဆောင်များနှင့်တွေ့ဆုံရာ အသင်းမှတာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက အသင်းအနေဖြင့် ခရီးသွားကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေးမဟာဗျူဟာနှင့်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားတိုးတက်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများအပြင် အလားအလာရှိသော ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ်မြှင့်တင်ကြရန်၊ ကမ္ဘာ့ခရီးသွား ဈေးကွက်တွင် ဧည့်သည်များ စိတ်ဝင်စားမှုများပြားသည့် Authentic Experiences နှင့် Authentic Culture များကိုအခြေခံ၍ ဆွဲဆောင်ကြရန်မှာကြားသည်။

မြဝတီ

# အမုန်တရားကိုမျက်ကွယ်ပြုပြီး အကြမ်းဖက်မှုကိုအားပေးနေတဲ့ Christian Solidarity Worldwide (CSW) ဥက္ကဋ္ဌ မစ္စတာမာဗင်သောမတ်စ်ထံသို့ အိတ်ဖွင့်ပေးစာ

**အောင်ရှင်း**

ကမ္ဘာလုံးဆိုင်ရာ ခရစ်ယာန်ညီညွတ်ရေးအဖွဲ့ (Christian Solidarity Worldwide CSW) ၏ဥက္ကဋ္ဌဖြစ်သူ မစ္စတာမာဗင်သောမတ်စ်ဆီ ဒီအိတ်ဖွင့်ပေးစာကို ရေးသားတာဟာ ဘယ်သူများလဲလို့ စိတ်ဝင်စားနေပါလိမ့်မယ်။ ကျွန်တော်ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်မြတ်နိုးတဲ့ သာမန်ပြည်သူတစ်ယောက်သာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေက ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး ပျက်စီးရာပျက်စီးကြောင်း၊ တစ်ဖက်သတ်စွပ်စွဲချက်တွေ၊ ဖိအားပေးမှုတွေကို လက်မခံနိုင်တဲ့ သာမန်ပြည်သူတစ်ဦးဖြစ်ပါတယ်။

ခင်ဗျားတို့ **CSW အဖွဲ့ရဲ့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ကထုတ်ပြန်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ သတင်းပြန်ကြားချက်ကို ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ မြင်တွေ့ခဲ့ရပါတယ်။ ဒီပြန်ကြားချက်ဟာ အချက်အလက်ခိုင်မာမှု၊ မျှတမှုလုံးဝမရှိဘဲ၊ မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် အခြေအမြစ်မရှိ ပရမ်းပတာစွပ်စွဲထားတဲ့ ဝါဒဖြန့်စာရွက်တစ်စောင်မျှသာဖြစ်တယ်လို့ ကျွန်တော်တို့ ပြတ်ပြတ်သားသား ပြောကြားလိုပါတယ်။**




အကြမ်းဖက်သမားများမှ ဒီးမော့ဆိုမြို့ရှိ ခရစ်ယာန်ဘုရားကျောင်းတွင် ခံစစ်စခန်းပြုလုပ်ထားမှု







အကြမ်းဖက်သမားများက မိုးဖြဲမြို့နယ်ရှိ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းနှင့် ကသာမြို့နယ် မိုးတားလေးရွာရှိ ဘုရားကုန်းအား အကာအကွယ်ယူအသုံးချတိုက်ခိုက်ခဲ့သည့် အထောက်အထားများ

ခင်ဗျားဟာ မြန်မာနိုင်ငံရဲ့ လက်ရှိနိုင်ငံရေးအခြေအနေနဲ့ မြေပြင်ပကတိအခြေအနေမှန်တွေကို တိတိကျကျ သိရှိနားလည်ခြင်းမရှိဘဲ၊ ပြည်တွင်း/ပြည်ပက ပြည်ဖျက်မီဒီယာတွေနဲ့ အကြမ်းဖက်အုပ်စုတွေက လိုသလိုပုံဖော်ထားတဲ့ သတင်းအချက်အလက်အမှားတွေကိုသာ အခြေခံပြီး သံယောင်လိုက်ပြောဆိုနေခြင်း ဖြစ်ပါတယ်။ ခင်ဗျားရဲ့ ဒီလိုစည်းကမ်းမဲ့တဲ့ ထုတ်ဖော်ပြောဆိုချက်တွေဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေကို မခန့်လေးစားပြုမူပြောဆိုရာရောက်သလို၊ တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးလိုတဲ့ အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်ကို အားပေးအားမြှောက်ပြုရာရောက်တဲ့ စော်ကားမှုတစ်ခုလည်းဖြစ်ပါတယ်။

ဒါကြောင့် ဒီအိတ်ဖွင့်ပေးစာကို မြန်မာနိုင်ငံအတွင်းမှာ အမှန်တကယ်နေထိုင်နေပြီး NUG၊ PDF နဲ့ တိုင်းရင်းသားလက်နက်ကိုင်အမည်ခံ အကြမ်းဖက်အဖွဲ့တွေကြောင့် ဖြစ်ပေါ်နေတဲ့အကြမ်းဖက်လုပ်ရပ်တွေကိုမြင်တွေ့ခံစားနေရတဲ့ သာမန်ပြည်သူတစ်ဦးရဲ့ အသံအဖြစ်၊ ခင်ဗျားရဲ့ မဟုတ်မမှန် စွပ်စွဲချက်တွေကို ပြန်လည်တုံ့ပြန်ရှင်းပြလိုပါတယ်။

ပထမဆုံးအနေနဲ့ ခင်ဗျားနားလည်ထားရမှာက မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ ပျက်စီးဆုံးရှုံးမှုတွေဟာ ခင်ဗျားစွပ်စွဲသလို တပ်မတော်ကအရပ်သားတွေကို ပစ်မှတ်ထားတိုက်ခိုက်နေလို့ ဖြစ်နေတာမဟုတ်ပါဘူး။ တကယ့်အဖြစ်မှန်က NLD ပါတီရဲ့ အစွန်းရောက်အုပ်စုတွေကနေ မွေးဖွားလာတဲ့ NUG၊ CRPH၊ PDF လို့ အမည်ခံထားတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့ "အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်" (all-out destruction path) ကြောင့်သာဖြစ်ပါတယ်၊ သူတို့ဟာကိုယ်ကျိုးရှာနိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေကြတာဖြစ်ပါတယ်။ သူတို့ကို မထောက်ခံတဲ့ ပြည်သူတိုင်းကို ဒလန်လို့စွပ်စွဲပြီး အကြောင်းမဲ့သတ်ဖြတ်နေကြတာဟာ ကမ္ဘာကအသိပါ။

ခင်ဗျားရဲ့ CSW အဖွဲ့ဟာ ကိုးကွယ်မှုဘာသာအယူအဆခွဲခြားမှုရှိနေပြီး မျှတမှုမရှိ အသည်းအသန်စိုးရိမ်ပြနေချိန်မှာ ဒီအကြမ်းဖက်အဖွဲ့တွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ ပြည်သူတွေအကြောင်းကိုတော့ ဘာကြောင့်တစ်ခွန်းမှ မပြောတာပါလဲ။

ခင်ဗျားတို့ရဲ့ သုတေသနထဲမှာ NUG၊ PDF အကြမ်းဖက်သမားတွေရဲ့ သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရတဲ့ လက်နက်မဲ့ အပြစ်မဲ့ပြည်သူ (၅၇၆၇) ဦးအကြောင်း ဘာလို့မပါတာလဲ။

သူတို့ရဲ့ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်မှုကြောင့် ပျံလွန်တော်မူခဲ့ရတဲ့ ဗုဒ္ဓဘာသာရဟန်း၊ သံဃာတော် (၈၈) ပါးနဲ့ သီလရှင် (၂) ပါးအကြောင်းကိုရော ခင်ဗျားဘာကြောင့် လျစ်လျူရှုထားတာလဲ။

အနာဂတ်မျိုးဆက်သစ်တွေကို ပညာသင်ပေးနေတဲ့ ဆရာ/ဆရာမ (၇၈) ဦး အပါအဝင်၊ ပြည်သူ့ဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးမှူးတွေထောင်နဲ့ချီပြီး လုပ်ကြံသတ်ဖြတ်ခံခဲ့ရတာကိုရော ခင်ဗျားရဲ့ ခရစ်ယာန်ညီညွတ်ရေးအဖွဲ့က မသိလေအောင် မျက်စိပိတ်၊ နားပိတ်နေခဲ့တာလား။

ပြည်သူပိုင်စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အအုံ (၅၆၀) ခုကို ဗုံးခွဲမီးရှို့ဖျက်ဆီးခဲ့တာ၊ တံတားတွေ၊ ဆေးရုံတွေ၊ အုပ်ချုပ်ရေးရုံးတွေကို မိုင်းခွဲခဲ့တာတွေကရော ခင်ဗျားတို့ရဲ့ ဘာသာရေးလွတ်လပ်ခွင့်စံနှုန်းတွေနဲ့ ကိုက်ညီနေလို့လား။

မြန်မာ့တပ်မတော်ဟာ မြန်မာနိုင်ငံရဲ့ တရားဝင်ကာကွယ်ရေးတပ်ဖွဲ့ဖြစ်ပြီး ဒီလိုမျိုးအကြမ်းဖက်လုပ်ရပ်တွေကို တုံ့ပြန်ဖို့နဲ့ နိုင်ငံသားအားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ဖို့ တာဝန်ရှိပါတယ်။ တပ်မတော်ရဲ့ လုပ်ဆောင်ချက်အားလုံးဟာ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation) ကို Rules of Engagement (ROE) နဲ့အညီ စနစ်တကျ ဆောင်ရွက်နေတာဖြစ်ပြီး ခင်ဗျားစွပ်စွဲသလို ဘာသာရေးကိုအခြေခံပြီး ခွဲခြားဆက်ဆံခြင်း၊ ပစ်မှတ်ထားတိုက်ခိုက်ခြင်းမျိုး လုံးဝ(လုံးဝ) မရှိပါဘူး။




ဘာသာပေါင်းစုံ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားသည့် ရန်ကုန်မြို့ရှိ အထင်ကရနေရာ

ခင်ဗျားရဲ့ နိုဝင်ဘာလ ၄ ရက်နေ့က ထုတ်ပြန်စွပ်စွဲချက်တွေကို ကျွန်တော်တို့ ပြည်သူတွေက အချက်အလက်အမှန်တွေနဲ့ ရှင်းပါဦးမယ်။ ခင်ဗျားက FORB Network ဆိုတာကို ကိုးကားပြီး ခရစ်ယာန်ဘုရားကျောင်း ၂၂၀ ကျော် ဖျက်ဆီးခံရတယ်၊ ဘုန်းတော်ကြီး (၈၅) ပါး သတ်ဖြတ်ခံရတယ် ဆိုတဲ့စွပ်စွဲချက်ဟာ အကြီးစားလိမ်လည်မှုမြောက်ပါတယ်။

ခင်ဗျားဟာ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (International Humanitarian Law–IHL) ကို ကိုးကားခဲ့တယ်။ ဒါပေမဲ့ IHL က "ဝတ်ပြုကိုးကွယ်ရာနေရာများကို စစ်ရေးအတွက် အသုံးမပြုရဘူးလို့" အတိအလင်း တားမြစ်ထားတာကိုတော့ ခင်ဗျားက တမင်ချန်လှပ်ထားခဲ့ပါတယ်။ **အဖြစ်မှန်ကတော့ ချင်းပြည်နယ်အပါအဝင် ပဋိပက္ခဖြစ်ပွားရာ ဒေသအများအပြားမှာ NUG က မွေးထုတ်လိုက်တဲ့ CNF၊ CNA၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေဟာ "ဘာသာရေးအဆောက်အအုံများအား ခံစစ်စခန်းများအဖြစ် အလွဲသုံးစားပြုခြင်း" (Abusing Religious Buildings as Defensive Posts)၊ "ယာယီစစ်တန်းလျားအဖြစ်အသုံးပြုခြင်း" (Using as Temporary Barracks) နဲ့ "အဆိုပါဝတ်ပြုဆုတောင်းရာနေရာများအနီး၌ မြေမြှုပ်မိုင်းများထောင်ခြင်း" (Planting Landmines Near Places of Worship) တို့ကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်နေပါတယ်။**

အဲဒီ CNF၊ CNA၊ PDF အဖွဲ့တွေဟာ ချင်းပြည်နယ်မှာ အစိုးရရဲ့အုပ်ချုပ်ရေးယန္တရားကို နှောင့်ယှက်တိုက်ခိုက်နေပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုတဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကိုဖျက်ဆီးနေလို့ ခေတ်အဆက်ဆက် သူပုန်မရှိခဲ့တဲ့ချင်းပြည်နယ်မှာ တိုက်ပွဲတွေဖြစ်ပွားနေတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်လက်နက်ကိုင်နည်းလမ်းနဲ့ရယူဖို့ ကြိုးစားနေတဲ့

စာမျက်နှာ ၁၂ သို့ ➲

**နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာပေါင်းစုံဘာသာရေးပွဲတော်များသို့ တက်ရောက်အားပေးသည့်မှတ်တမ်း**



နေပြည်တော် မာရဝိဇယဘုရားကြီးတန်ဆောင်တိုင် ပွဲတော်သို့ တက်ရောက်အားပေးချီးမြှင့်နေမှု



St. Mary's Cathedral Church တွင် ခရစ်တော်မွေးနေ့ (ခရစ်စမတ်) အခမ်းအနားသို့ တက်ရောက်ချီးမြှင့်နေမှု



ပျဉ်းမနားမြို့နယ်ရှိ ဦးကျေး ဂျာမေ့ဗလီတွင် အစ္စလာမ်ဘာသာဝင်များအား အလှူငွေများပေးအပ်လှူဒါန်းနေမှု




ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီပွဲတော်အား တက်ရောက်ချီးမြှင့်နေမှု




တရုတ်နှစ်သစ်ကူးအခမ်းအနားသို့ တက်ရောက်ချီးမြှင့်နေမှု




ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်နေမှု

➲ **စာမျက်နှာ ၁၁ မှအဆက်**

NUG အဖွဲ့ရဲ့ လွဲမှားတဲ့နိုင်ငံရေးအတွေးကြောင့် ဖြစ်ပေါ်လာရတဲ့တိုက်ပွဲတွေ ဖြစ်ပါတယ်။ ဒါတွေက တပ်မတော်ရဲ့ စစ်ဆင်ရေးတွေကြောင့် ဖြစ်ပေါ်လာတဲ့ တိုက်ပွဲတွေမဟုတ်ပါဘူး။ တပ်မတော်ဟာ အကြမ်းဖက်သမားတွေရဲ့ အပြစ်မဲ့ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့အဖျက်လုပ်ရပ်တွေကိုဟန့်တားပြီး တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်ရေးအတွက် အကြမ်းဖက်သူပုန်တွေကို ဦးတည်တိုက်ခိုက်နေရုံမျှသာဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ ဘယ်ဘာသာရေးအဆောက်အအုံကိုမှ အကြောင်းမဲ့ပစ်မှတ်ထားတိုက်ခိုက်တာမျိုးလုံးဝမရှိပါ။ ပျက်စီးမှုတွေဟာ တိုက်ပွဲဇုန်အတွင်းဖြစ်ပွားနိုင်တဲ့ မလွှဲမရှောင်သာတဲ့ အခြေအနေတွေ (Unavoidable Collateral Damage)၊ အထူးသဖြင့် အကြမ်းဖက်အဖွဲ့တွေက ဘုရားကျောင်း၊ စေတီပုထိုးတွေကို အကာအကွယ်ယူအသုံးချ တိုက်ခိုက်နေတာကြောင့် ဖြစ်ပါတယ်။

**IHL အရ ကာကွယ်ထားတဲ့ နေရာတစ်ခုကို စစ်ရေးခံစစ်စခန်းအဖြစ် အသုံးပြုလိုက်တဲ့အချိန်မှာ၊ အဲ့ဒီနေရာဟာ သူ့ရဲ့ အကာအကွယ် (Protected Status) ကို ဆုံးရှုံးသွားပြီး တရားဝင်စစ်ရေးပစ်မှတ် (Legitimate Military Target) ဖြစ်သွားတယ်ဆိုတာ IHL ကို ကိုးကားထားတဲ့ ခင်ဗျားအနေနဲ့ သိထားသင့်ပါတယ်။ ဒါကြောင့် ဘုရားကျောင်းတွေပျက်စီးရခြင်းရဲ့တရားခံအစစ်ဟာ အကြမ်းဖက်သမားတွေ ကိုယ်တိုင်ပဲဖြစ်ပါတယ်။**

မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ရဲ့ ပုဒ်မ(၃၄)မှာ ဘာသာရေးလွတ်လပ်ခွင့်ကို အာမခံထားပြီးသားဖြစ်လို့ မြန်မာနိုင်ငံအတွင်းမှာ အဓိကကိုးကွယ်တဲ့ ဗုဒ္ဓဘာသာမဟုတ်တဲ့ အခြားသောဘာသာရေးအဆောက်အအုံများစာရင်းကိုခင်ဗျားသိအောင်ဖော်ပြပေးလိုက်ပါတယ်၊

လူတိုင်းလူတိုင်းဟာ မိမိယုံကြည်ရာအတိုင်း ဗုဒ္ဓဘာသာအပါအဝင် အခြားဘာသာပေါင်းစုံကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ရဲ့ပေးထားချက်အရ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသလို လက်ရှိယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဦးဆောင်တဲ့ အစိုးရကလည်း မြန်မာနိုင်ငံအတွင်း ဘာသာအသီးသီးရဲ့ ဘာသာရေးပွဲတော်တွေကို လုပ်ငန်းအားလပ်မှုအပေါ်မူတည်၍ ကိုယ်တိုင်တက်ရောက်ချီးမြှင့်အားပေးလျက်ရှိပါတယ်။

ဒါပေမဲ့ အကြမ်းဖက်သမားတွေက မြို့ပြတွေမှာပါ ဘာသာရေးပွဲတော်ကို အသုံးချပြီး အကြမ်းဖက်မှုပြုလုပ်ရန် ရည်ရွယ်ချက်အတွက် လူစုလူဝေးပွဲတွေ၊ လူနေရပ်ကွက်တွေ၊ ဘုရားကျောင်းလိုနေရာမျိုးတွေကို အကာအကွယ်ယူပြီး အကြမ်းဖက်မှုတွေ၊ ဗုံးခွဲမှုတွေလုပ်ဆောင်ဖို့ စိမ့်ဝင်ကြိုးပမ်းနေတာတွေ ရှိနေပါတယ်၊

ဒါကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူတွေက ပြည်သူလူထုရဲ့ အသက်အန္တရာယ်ကို ကာကွယ်ဖို့အတွက် လိုအပ်တဲ့လုံခြုံရေးဆိုင်ရာ စိစစ်မှုတွေ၊ ယာယီထိန်းညှိမှုတွေ လုပ်ဆောင်ရတာဖြစ်ပါတယ်။ ဒါဟာ ခရစ်ယာန်ဘာသာကို ပစ်မှတ်ထားတာမဟုတ်ဘဲ အကြမ်းဖက်သမားတွေရဲ့လှုပ်ရှားမှုကို တားဆီးဖို့သာဖြစ်ပြီး ဝတ်ပြုကိုးကွယ်သူ ပြည်သူတွေရဲ့ လုံခြုံရေးကို ကာကွယ်ပေးခြင်းသာဖြစ်ပါတယ်။ ခင်ဗျားတို့စွပ်စွဲသလို ခရစ်ယာန်နဲ့ အစ္စလာမ်တွေကို ရန်သူအဖြစ် သတ်မှတ်နေတာမဟုတ်ဘဲ၊ အကြမ်းဖက်သမားတွေကိုသာ ရန်သူအဖြစ် သတ်မှတ်တိုက်ခိုက်နေတာဖြစ်ပါတယ်။

ခင်ဗျားရဲ့ စွပ်စွဲချက်တွေထဲမှာ အလွယ်တကူအမှား/အမှန်စစ်ဆေးနိုင်တဲ့ လိမ်ညာမှုကတော့ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့က မန္တလေးငလျင်ကြီးနဲ့ပတ်သက်တဲ့ စွပ်စွဲချက်ဖြစ်ပါတယ်။ ခင်ဗျားက "ပြိုကျပျက်စီးသွားသော ခရစ်ယာန်ဘုရားကျောင်းများနှင့် ဗလီများအား မူလပုံစံအတိုင်းသာ ပြန်လည်တည်ဆောက်ခွင့်ပြုသည်"ဆိုတဲ့ အမိန့်ဟာခွဲခြားဆက်ဆံမှုဖြစ်ပြီး ဒီကန့်သတ်ချက်ကြောင့်သက်တမ်းရင့်ခရစ်ယာန်ဘုရားကျောင်းတွေ ပြိုကျပျက်စီးသွားရသလို ပုံဖော်စွပ်စွဲရေးသားထားပါတယ်။

ခင်ဗျားရဲ့ ဒီစွပ်စွဲချက်ဟာ လုံးဝလွဲမှားနေကြောင်း ပြင်းပြင်းထန်ထန်ကန့်ကွက်ပါတယ်။ ငလျင်ဘေးဟာ ဘာသာပေါင်းစုံကို ထိခိုက်ခဲ့ပါတယ်။ မတ်လ ၂၈ ရက်နေ့ကဖြစ်ပေါ်ခဲ့တဲ့ မန္တလေးငလျင်ကြီးဟာ ဘာသာတရားကိုရွေးပြီး ခွဲခြားလှုပ်ခတ်ခဲ့တာ မဟုတ်ပါဘူး။ ခင်ဗျားရဲ့ သုတေသနဟာမန္တလေးမြို့က ကမ္ဘာကျော်ဗုဒ္ဓဘာသာအမွေအနှစ်တွေရဲ့ ပျက်စီးမှုကို တမင်ချန်လှပ်ထားခဲ့ပါတယ်၊ ယူနက်စကို (UNESCO) ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားဟာ ပြင်းထန်စွာပျက်စီးမှုကို ခံစားခဲ့ရပါတယ်၊ အလားတူပဲ ရွှေဂူကြီးကျောင်းတိုက်၊ မယ်နုအုတ်ကျောင်းနဲ့ မင်းကွန်းပုထိုးတော်ကြီးအစရှိတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ အထင်ကရနေရာပေါင်းများစွာလည်း အကြီးအကျယ် ပျက်စီးခဲ့ပါတယ်။

ပြန်လည်တည်ဆောက်ရေးဟာအားလုံးအတွက်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ပျက်စီးသွားတဲ့ ရှေးဟောင်းအဆောက်အအုံ ၁၇၀၀ ကျော်ကို ပြန်လည်ထိန်းသိမ်း၊ ပြုပြင်၊ တည်ဆောက်ပေးလျက်ရှိနေပါတယ်။ မူလပုံစံအတိုင်းဆိုတာ နိုင်ငံတကာစံနှုန်းဖြစ်ပါတယ်၊ ခင်ဗျားကခွဲခြားဆက်ဆံတဲ့ ကန့်သတ်ချက်လို့စွပ်စွဲတဲ့ မူလပုံစံအတိုင်းသာဆိုတဲ့ မူဝါဒဟာ တကယ်တော့ ခွဲခြားဆက်ဆံမှုမဟုတ်ပါဘူး။ ဒါဟာ ယူနက်စကို (UNESCO)နဲ့ နိုင်ငံတကာ အထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (International Council on Monuments and Sites-ICOMOS) လို နိုင်ငံတကာအမွေအနှစ်ထိန်းသိမ်းရေးကျွမ်းကျင်သူတွေရဲ့ လမ်းညွှန်ချက်နဲ့အညီ၊ ရှေးဟောင်းအမွေအနှစ်တန်ဖိုး မပျက်စီးစေဖို့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာမခွဲဘဲ တန်းတူညီမျှကျင့်သုံးရတဲ့ နိုင်ငံတကာစံနှုန်း (International Standard for Historical Preservation) တစ်ခုသာဖြစ်ပါတယ်။

ဒီအချက်ကိုတောင် ခင်ဗျားကတမင်လိမ်ညာပြီး ဘာသာရေးပဋိပက္ခဖြစ်အောင် လှုံ့ဆော်ခဲ့တာဆိုတော့ CSW အဖွဲ့ရဲ့ ရည်ရွယ်ချက်ဟာ ညီညွတ်ရေးမဟုတ်ဘဲ ဖြိုခွဲရေးဖြစ်နေတယ်ဆိုတာကို သက်သေပြနေပါတယ်။

ခင်ဗျားဟာ စွပ်စွဲချက်တွေအပြင် တောင်းဆိုချက်လို့ ခေါင်းစဉ်တပ်ပြီး ပြောခဲ့တဲ့ အချက်တွေဟာဆိုရင်လည်း အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို အဝေးကနေလက်ညှိုးထိုးအမိန့်ပေးချင်နေတဲ့ ကိုလိုနီစရိုက်ကို ထင်ဟပ်စေပါတယ်။

**စာမျက်နှာ ၁၃ သို့** ➲

⊃ စာမျက်နှာ ၁၂ မှအဆက်

ခင်ဖျားရဲ့ တောင်းဆိုချက်တွေထဲမှာ အသိအမှတ်မပြုနိုင်လောက်အောင် စော်ကားမှုမြောက်တာကတော့ ၂၀၂၄ ခုနှစ် စစ်မှုထမ်းဥပဒေအား ချက်ချင်းရုပ်သိမ်းရမယ်ဆိုတဲ့အချက်ပါပဲ။

မစ္စတာမာဗင်သောမတ်စ် သိသင့်တာက ပြည်သူ့စစ်မှုထမ်းဥပဒေဟာ မြန်မာနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ (၃၈၅)၊ (၃၈၆) တို့နဲ့အညီ တရားဝင်အတည်ပြုပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ ဒါဟာ ခင်ဖျားစွပ်စွဲသလိုနှိပ်စက်ညှဉ်းပန်းမှုလက်နက်မဟုတ်ပါဘူး။ ဒါဟာ အိမ်နီးချင်း အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအပြင် ကမ္ဘာတစ်ဝန်းလုံးက နိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေလိုမျိုးပဲဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်ချက်အရ လက်ရှိအခြေအနေနဲ့ကိုက်ညီစွာအကောင်အထည်ဖော်ထားတာဖြစ်ပါတယ်။

ဒါဆိုခင်ဖျားရဲ့ **CSW အဖွဲ့က တောင်ကိုရီးယား၊ စင်ကာပူ၊ ဆွစ်ဇာလန်၊ အစ္စရေးလို နိုင်ငံတွေကိုရော သူတို့ရဲ့ စစ်မှုထမ်းဥပဒေတွေ ရုပ်သိမ်းဖို့တောင်းဆိုရဲတဲ့ သတ္တိရှိပါသလား။ ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်ချင်လို့ တစ်ဖက်စောင်းနင်းလမ်းဖော်နေတာလား။ ဘယ်နိုင်ငံတကာအဖွဲ့အစည်း၊ ဘယ်လူပုဂ္ဂိုလ်ကမှ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကပြဋ္ဌာန်းထားတဲ့ ဥပဒေတစ်ရပ်ကို ရုပ်သိမ်းပါလို့ ဝင်ရောက်နှောင့်ယှက်စွက်ဖက်တာမျိုး ခွင့်မပြုနိုင်/ ခွင့်မလွှတ်နိုင်ဘူးဆိုတာ ခင်ဖျားအတိအလင်း သိရှိထားရပါမယ်။**

ခင်ဖျားရဲ့ လူသားချင်းစာနာမှုဆိုတဲ့ မျက်နှာဖုံးဟာ ခင်ဖျားရဲ့ နောက်ဆုံးတောင်းဆိုချက်မှာ လုံးဝကွာကျသွားပါတယ်။ ခင်ဖျားက မြန်မာ့တပ်မတော်အတွက် လေယာဉ်ဆီထောက်ပံ့နေမှုတွေကို ပစ်မှတ်ထားအရေးယူပိတ်ဆို့ရမယ်လို့ တောင်းဆိုခဲ့တယ်နော်။ ဒါဟာ လူသားချင်းစာနာထောက်ထားမှုတောင်းဆိုချက် မဟုတ်ပါဘူး။ ဒါဟာ စစ်ရေးတောင်းဆိုချက် (Military Demand) ဖြစ်ပါတယ်။

ခင်ဖျားရဲ့ ရည်ရွယ်ချက်အမှန်က အကြမ်းဖက်အဖွဲ့တွေကို နှိမ်နင်းနေတဲ့ မြန်မာ့တပ်မတော်လေကြောင်းစွမ်းရည်ကို ပျက်ပြားစေလိုပြီး အကြမ်းဖက်တွေကို အကာအကွယ်ပေးလိုတာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ခင်ဖျားက ဒေသတွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းတွေဆီ တိုက်ရိုက်စီးဆင်းစေမယ့်အကူအညီဆိုပြီးကို တောင်းဆိုခဲ့တယ်။ ဒါဟာ တရားဝင်အစိုးရကိုကျော်ပြီး NUG/PDF အကြမ်းဖက်အဖွဲ့တွေရဲ့ လက်အောက်ခံအဖွဲ့အစည်းတွေကို တရားမဝင်ငွေကြေးနဲ့ ထောက်ပံ့ရေး ပစ္စည်းတွေပေးပို့ဖို့ကြိုးစားနေတာဖြစ်တယ်လို့ ကိုယ့်ကိုယ်ကိုယ်ဖော်ထုတ်လိုက်တာပါပဲ။

**ခင်ဖျားရဲ့ ဒီလုပ်ရပ်တွေဟာ CSW ဆိုတာ ဘာသာရေးအဖွဲ့အစည်းတစ်ခုအသွင်ယူထားပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ အကြမ်းဖက်အားပေးသူတစ်ဦးရဲ့ လုပ်ရပ်သာဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ခင်ဖျားနဲ့ခင်ဖျားတို့လို အနောက်အုပ်စုလက်ဝေခံမီဒီယာတွေ INGO တွေဟာ မြန်မာပြည်သူတွေရဲ့ ဆန္ဒအမှန်နဲ့ အမြဲတမ်းကင်းကွာနေပါတယ်။ မြန်မာနိုင်ငံမှာ တကယ်နေထိုင်နေတဲ့ ပြည်သူအများစုရဲ့ဆန္ဒအမှန်က ခင်ဖျားတို့ရဲ့ ပိတ်ဆို့အရေးယူမှုတွေ မဟုတ်ပါဘူး။ ခင်ဖျားတို့ရဲ့စွက်ဖက်မှုတွေ မဟုတ်ပါဘူး။**

**ကျွန်တော်တို့ ပြည်သူတွေရဲ့ ဆန္ဒအမှန်က NUG/PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတာတွေ၊ စာသင်ကျောင်းတွေကို မီးရှို့နေတာ၊ လမ်း၊ တံတားမိုင်းခွဲနေတာတွေကို အမြန်ဆုံးရပ်တန့်စေချင်တာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒါတွေရပ်တန့်ပြီး တည်ငြိမ်အေးချမ်းသာယာပျော်ရွှင်တဲ့ မိသားစုဘဝတွေကို ပိုင်ဆိုင်ချင်တာဖြစ်ပါတယ်။**

ခင်ဖျားရဲ့ CSW အဖွဲ့ဟာ ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ခင်ဖျားတို့ရဲ့လုပ်ရပ်တွေဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက်တာ၊ ဘာသာရေးကိုခုတုံးလုပ်ပြီး နိုင်ငံရေးပဋိပက္ခကို မီးထိုးပေးတာ၊ အကြမ်းဖက်အဖွဲ့တွေကို သွယ်ဝိုက်ထောက်ခံအားပေးတာတွေသာ ဖြစ်နေတဲ့အတွက် ဒါဟာ CSW အဖွဲ့ရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်စေနိုင်တယ်ဆိုတာကို သတိပေးလိုပါတယ်။

ခင်ဖျားရဲ့လုပ်ရပ်တွေကြောင့် ပြည်သူတစ်ယောက်အနေနဲ့ ခင်ဖျားကိုအကြမ်းဖက်အားပေးသူတစ်ဦးအဖြစ်သာ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်အပေါ် မမှန်မကန်စွပ်စွဲပြောဆိုမှုတွေကို ရပ်တန်းကရပ်ဖို့၊ အကြမ်းဖက်ဝါဒကို အားပေးအားမြှောက်ပြုနေမှုတွေကို ရပ်တန့်ဖို့နဲ့ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေးစားဖို့ ကျွန်တော်တို့ သာမန်ပြည်သူတွေက တောင်းဆိုလိုက်ပါတယ်။ “မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးစေသည့် မည်သည့်လုပ်ရပ်ကိုမဆို တုံ့ပြန်ရန် ဥပဒေအရ အခွင့်အာဏာအပြည့်အဝရှိသည်” ဆိုတဲ့အကြောင်းကိုလည်း ခင်ဖျားနဲ့တကွ နိုင်ငံတကာကသိရှိအောင် ဒီအိတ်ဖွင့်ပေးစာကနေတစ်ဆင့် အသိပေးလိုက်ရပါတယ်။ ။

**(ဤဆောင်းပါးသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသော ပြည်သူတစ်ဦး၏ အာဘော်သာဖြစ်ပြီး ဘာသာရေးနှင့် သက်ဆိုင်မှုမရှိကြောင်း ဖော်ပြအပ်ပါသည်။)**

| စဉ် | မြို့နယ် | ခရစ်ယာန် | | | အစ္စလာမ် | | | ဟိန္ဒူ | | | ဘုံကျောင်း | | | နတ်နှင့်အခြား | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဘုရားကျောင်း | စာသင်ကျောင်း | ပေါင်း | ဝလီ | စာသင်ကျောင်း | ပေါင်း | ဘုရားကျောင်း | စာသင်ကျောင်း | ပေါင်း | ဘုံကျောင်း | စာသင်ကျောင်း | ပေါင်း | | |
| ၁ | ကချင် | ၁၃၆၃ | ၈ | ၁၃၇၁ | ၂၁ | ၃ | ၂၄ | ၅၉ | - | ၅၉ | ၃၇ | - | ၃၇ | ၂ | |
| ၂ | ကယား | ၄၂၄ | ၇ | ၄၃၁ | ၁ | ၁ | ၂ | ၅ | - | ၅ | ၁ | - | ၁ | - | |
| ၃ | ကရင် | ၉၇ | ၈ | ၁၀၅ | ၆၉ | ၇၀ | ၁၃၉ | ၃၂ | ၁၉ | ၅၁ | ၅ | - | ၅ | - | |
| ၄ | ချင်း | ၂၃၅၈ | ၁၁ | ၂၃၆၉ | ၁ | - | ၁ | ၂ | - | ၂ | - | - | - | ၃၅ | |
| ၅ | စစ်ကိုင်း | ၈၆၄ | ၁၂ | ၈၇၆ | ၈၁ | ၂၁ | ၁၀၂ | ၂၅ | - | ၂၅ | ၇ | - | ၇ | - | |
| ၆ | တနင်္သာရီ | ၉၈ | - | ၉၈ | ၁၀၀ | - | ၁၀၀ | ၁၉ | - | ၁၉ | ၃၄ | - | ၃၄ | - | |
| ၇ | နေပြည်တော် | ၄၆ | - | ၄၆ | ၂၆ | ၁ | ၂၇ | ၇ | - | ၇ | ၄ | - | ၄ | - | |
| ၈ | ပဲခူး(ရှေ့) | ၁၀၅ | - | ၁၀၅ | ၆၇ | - | ၆၇ | ၁၁၇ | - | ၁၁၇ | ၂၄ | - | ၂၄ | - | |
| ၉ | ပဲခူး(နောက်) | ၁၅၉ | - | ၁၅၉ | ၄၀ | ၇ | ၄၇ | ၂၃ | - | ၂၃ | ၁၁ | - | ၁၁ | - | |
| ၁၀ | မကွေး | ၅၇ | - | ၅၇ | ၃၀ | - | ၃၀ | ၁၃ | - | ၁၃ | - | - | - | - | |
| ၁၁ | မန္တလေး | ၁၇၇ | ၈ | ၁၈၅ | ၁၉၅ | ၇၅ | ၂၇၀ | ၁၁၀ | - | ၁၁၀ | ၃၀ | ၂ | ၃၂ | ၃ | |
| ၁၂ | မွန် | ၄၇ | - | ၄၇ | ၁၁၅ | ၇၅ | ၁၉၀ | ၁၅၂ | - | ၁၅၂ | ၃၂ | - | ၃၂ | - | |
| ၁၃ | ရခိုင် | ၈၉ | ၁ | ၉၀ | ၁၆၆၈ | ၁၃၁၈ | ၂၉၈၆ | ၂၆ | - | ၂၆ | ၁ | - | ၁ | - | |
| ၁၄ | ရန်ကုန် | ၃၄၁ | ၂၉ | ၃၇၀ | ၁၅၁ | ၇၆ | ၂၂၇ | ၂၇၃ | - | ၂၇၃ | ၁၂၈ | - | ၁၂၈ | ၇ | |
| ၁၅ | ရှမ်း(တောင်) | ၂၁၇ | - | ၂၁၇ | ၃၁ | ၃ | ၃၄ | ၃၈ | ၁ | ၃၉ | ၁၈ | - | ၁၈ | - | |
| ၁၆ | ရှမ်း(မြောက်) | ၂၃၄ | - | ၂၃၄ | ၂၃ | ၁၁ | ၃၄ | ၄၈ | - | ၄၈ | ၄၆ | - | ၄၆ | - | |
| ၁၇ | ရှမ်း(ရှေ့) | ၅၄၇ | - | ၅၄၇ | ၅ | - | ၅ | ၂ | - | ၂ | ၉ | ၁ | ၁၀ | ၂၅ | |
| ၁၈ | ဧရာဝတီ | ၆၆၉ | ၃ | ၆၇၂ | ၁၀၆ | ၄၂ | ၁၄၈ | ၄၉ | - | ၄၉ | ၂၉ | - | ၂၉ | - | |
| | စုစုပေါင်း | ၇၈၉၂ | ၈၇ | ၇၉၇၉ | ၂၇၃၀ | ၁၇၀၃ | ၄၄၃၃ | ၁၀၀၀ | ၂၀ | ၁၀၂၀ | ၄၁၆ | ၃ | ၄၁၉ | ၇၂ | |

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဘာသာရေးအဆောက်အအုံများစာရင်း(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအထိ)

# လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် နိုဝင်ဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။



ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(အင်းတကော်)သို့ရောက်ရှိပြီး ရော်ဘာနှင့်ကြားသီးနှံစိုက်ခင်း၊ ရိုဘက်စတာ(မြေနိမ့်ကော်ဖီ)နှင့် ကိုကိုးသီးနှံပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုပြီး ကော်ဖီပျိုးပင်အား စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်တို့မှ နှစ်ရှည်သီးနှံစိုက်ပျိုးသည့် ခြံပိုင်ရှင်များခေါ်ယူ၍ အသိပညာပေးရန်၊ ကော်ဖီပျိုးပင်များ ဖြန့်ဝေပေးရန် တာဝန်ရှိသူများအား မှာကြားပြီး စက်မှုကုန်ကြမ်းသီးနှံရော်ဘာပင်များအား မျိုးကိုင်းပွားနည်းဖြင့် မျိုးထိန်းသိမ်းစိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့နယ် တာဝဘူတာကျေးရွာအဝင်ရှိ သစ်သားတံတား အရှည်ပေ ၉၀ အား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရှည်ပေ ၁၂၀ တစ်လွှာတစ်ထပ် သံဘောလီတံတား တည်ဆောက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် တောင်ပို့တရာကျေးရွာသို့ရောက်ရှိပြီး ဦးကြည်လွင်နှင့် ဦးမြင့်အောင်တို့၏ ရိုးရာအိုးလုပ်ငန်းများကို ကြည့်ရှုအားပေးကာ မြန်မာ့ရိုးရာလက်မှုလုပ်ငန်း မပပျောက်စေရေး အားပေးမြှင့်တင်သွားရန်၊ ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ရန်နှင့် ဈေးကွက်ရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ဥဿာတိုင်းသား**

# အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ပူတာအို နိုဝင်ဘာ ၂၅**

ကချင်ပြည်နယ် ပူတာအိုမြို့ ခရိုင်ပြည်သူ့အားကစားကွင်း၌ ခရိုင်ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၁၉ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၄ ရက် မွန်းလွဲပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ်အခြေခံပညာအထက်တန်းကျောင်း(ပူတာအို)အသင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ဆန်ဂေါင်)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အခြေခံပညာအထက်တန်းကျောင်း(ပူတာအို)ဘောလုံးအသင်းက လေးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ဆုပေးပွဲကျင်းပရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေးနှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆု၊ ဂိုးသွင်းအများဆုံးဆု၊ ရှေ့တန်းအကောင်းဆုံးကစားသမားဆု၊ အလယ်တန်းအကောင်းဆုံးကစားသမားဆု၊ ဂိုးသမားအကောင်းဆုံးဆု၊ တတိယဆုနှင့် တစ်ဦးချင်းလည်ဆွဲတံဆိပ်များ၊ ဒုတိယဆုနှင့် တစ်ဦးချင်းလည်ဆွဲတံဆိပ်များ၊ ပထမဆုနှင့်တစ်ဦးချင်းလည်ဆွဲတံဆိပ်များ၊ ဆုဖလားဆွတ်ခူးရရှိသော အခြေခံပညာအထက်တန်းကျောင်း(ပူတာအို)ဘောလုံးအသင်းအား ဆုဖလားနှင့်ဆုများအသီးသီးပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပူတာအိုခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်းပေါင်း ကိုးသင်းတို့က နိုဝင်ဘာလ ၈ ရက်မှ စတင်ယှဉ်ပြိုင်ကစားကြခြင်းဖြစ်ကြောင်းသိရသည်။

ဖုန်ကန်(ပူတာအို)

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တန် ၁၅၀ ဆန်စက်ဖွင့်ပွဲနှင့် တန် ၁၂၀ ဆန်စက်ပန္နက်ရိုက်အခမ်းအနားများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် တန် ၁၅၀ ဆန်စက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အကွက်အမှတ် (၅၉၀)၌ကျင်းပသည်။

အခမ်းအနားသို့သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တန် ၁၅၀ ဆန်စက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ တာဝန်ရှိသူများနှင့်အတူ ကမ္ပည်းမော်ကွန်းအားအမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်လိုက်သည့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Royal Ruby Flower တန် ၁၅၀ ကျ ဆန်စက်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း လည်ပတ်လျက်ရှိသည့် ဆန်စက်များအနက် အဆင့်မြင့်ဆန်စက်ကြီးတစ်ခုဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း တောင်သူလယ်သမားများ၏ လယ်ယာမြေများမှ ထွက်ရှိလာသောစပါးများ အလေအလွင့်မရှိစေရေး၊ ဈေးကွက်ရရှိရေး၊ အခြေခံတောင်သူလယ်သမားများ၏လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားလာစေရေး၊ ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာစေရေးတို့ကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့အနေဖြင့်လည်း သွင်းအားစုများပံ့ပိုးမှု၊ ထွက်ရှိသီးနှံများ ဈေးကွက်ချိတ်ဆက်ပေးမှုတို့ဖြင့် အကျိုးတူလယ်ယာစနစ် (Contract Farming System) ကို ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က တန် ၁၅၀ ကျ ဆန်စက်ပေါ်ပေါက်လာရေး ဆောင်ရွက်ပေးခဲ့မှုများ၊ ဆန်စက်၏လည်ပတ်စွမ်းအားနှင့် အဆင့်မြင့်ကြိတ်ခွဲပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည့်အခြေအနေများ၊ တိုင်းဒေသကြီးအတွင်းရှိတောင်သူများ၏ မိသားစုဝင်ငွေတိုးပွားရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက တန် ၁၅၀ ဆန်စက် စီမံကိန်းဖြစ်ပေါ်လာပုံနှင့် ယခု တန်၁၅၀ ဆန်စက်တွင်သမဝါယမကောလိပ်ကျောင်းဆင်းများနှင့် သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းဆင်းများ အလုပ်အကိုင်ခန့်ထားပေးနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက တန် ၁၅၀ ဆန်စက်တည်ဆောက်ခဲ့မှုနှင့် မြန်မာတစ်နိုင်ငံလုံးဆန်စက်တည်ဆောက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် အောင်သဇင်သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်းတည်ဆောက်မည့် တန် ၁၂၀ ကျ ဆန်စက်ပန္နက်တင်အခမ်းအနားသို့ တက်ရောက်ပြီး သတ်မှတ်နေရာများတွင် ပန္နက်တင်ပေး၍ စမ်းဝတီနို့ချက်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ သဘာဝမြေဩဇာထုတ်လုပ်နေမှုများကိုလည်းကောင်း၊ ပန်းရိုးမရေသန့်စက်ရုံကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာလိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် နန္ဒာ(မြောက်)ခေတ်မီစံပြကျေးရွာ၌ ကျေးရွာမှမြို့သို့သွားသော အရှည် ၁ မိုင် ကတ္တရာလမ်းဖွင့်ပွဲသို့တက်ရောက်၍ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကိုလိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သမဝါယမကောလိပ်၌ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ရေး တာဝန်ရှိသူများအားမှာကြားပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံကာပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား၍ ပေါင်းကူးတက်ရောက်ခွင့်မရရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **မြဝတီ**

# ပျဉ်းမနားမြို့နယ်၌ဖွင့်လှစ်သည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းပို့ချနေမှု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင် ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် မဲရုံမှူးနှင့်ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို ယမန်နေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရာ၌ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏အခန်းကဏ္ဍသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍတစ်ရပ်တွင်ပါဝင်ကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ ထိန်းချုပ်စက်ကိုင်တွယ်သူနှင့်မဲရုံလုံခြုံရေးအစရှိသည့် မဲရုံအဖွဲ့ဝင်များအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိတို့က သင်ကြားပို့ချပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

သင်တန်းကို နိုဝင်ဘာလ ၂၄ ရက်မှ နိုဝင်ဘာလ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူများအား ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ ဆောင်ရန်ရှောင်ရန်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်လုပ်ငန်းလမ်းညွှန်ကဏ္ဍများကို သင်ကြားပို့ချပေးပြီး အီလက်ထရောနစ်မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့်တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မော်လမြိုင်မြို့နယ်ရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

မော်လမြိုင် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းလမ်းညွှန်သင်တန်းကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သည်။

သင်တန်းတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးကိုကိုလွင်က ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်အချိန်ကာလ၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့်မဲပေးစက်အကြောင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်တို့၏ တာဝန်နှင့်ဝတ္တရားများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သင်တန်းပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြလေးဦးတို့က မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ မဲရုံဖြည့်သွင်းရမည့်ပုံစံများ၊ မဲရုံပုံစံခင်းကျင်း၍ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာများနှင့်ပတ်သက်သည့် သင်ခန်းစာများကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး မဲရုံမှူး၊ ဒုတိယမဲရုံမှူး၂၃၄ ဦးတက်ရောက်ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**



# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ မြောင်းမြမြို့နယ်၊ တောင်ကလေးကျေးရွာသို့ရောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကနစိုးကုန်းကျေးရွာ၌အခြေပြု၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသော တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါရွာမှပြန်လည်ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် မြောင်းမြမြို့နယ်၊ တောင်ကလေးကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မြောင်းမြမြို့နယ်၊ တောင်ကလေးကျေးရွာ၊ ဖြပ်ဗ္ဗဝိဟာရကျောင်းတိုက်၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၉၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၃ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၄၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၄၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁ ဦး၊ မျက်စိခွဲစိတ်လူနာ ၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-





"ရောဂါကတော့ အထွေထွေလာပြတာပါ။ ဒေသခံတွေအနေနဲ့ တချို့သက်ကြီးရွယ်အိုတွေကျတော့ ဝေးဝေးလံလံမြို့တို့ မသွားနိုင်တာမျိုးတွေရှိတယ်။ တချို့တချို့ကျတော့လည်း ဆေးကုသရေးမှာ နည်းနည်းအခက်အခဲတွေတော့ရှိကြတယ်လေ။ ဒီလိုနီးနီးနားနားလာကုတော့ ပိုအဆင်ပြေတာပေါ့။ ဒီမှာကတော့ ရာသီတုပ်ကွေး အဲဒါမျိုးတွေအဖြစ်များတာတော့ရှိတယ်။ သူတို့ကိုလည်း ကျေးဇူးတင်တယ်ပေါ့လေ။ နောက်လည်းပဲ ဒီလိုလာရောက်ပြီးတော့ ဆေးကုသပေးဖို့လည်း ဖိတ်ခေါ်ချင်တယ်ပေါ့"ဟု မိန့်ကြားသည်။

"ဒီတောင်ကလေးကပဲ ဆေးကုသမှုလာရောက်ခံယူတာပါ။ ခေါင်းတွေရိပ်ခနဲ ရိပ်ခနဲမူးနေလို့ အဲဒါဝင်ပြတာ။ သွေးနည်းနည်းတိုးနေတယ်တဲ့။ စိုးရိမ်စိတ်များလို့ပေါ့။ ဒီမှာသွေးညှိဆေးတို့၊ သွေးပေါင်ကျဆေးတို့ပေးလိုက်တယ်။ ကျေးဇူးတွေအများကြီးတင်တာပေါ့။ မသွားနိုင်တဲ့သူတွေလည်း ဒီမှာလာပြလို့ရတယ်လေ။ လာပြီးတော့ ဆေးကုသပေးတာရော အကုန်လုံးအတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်"ဟုပြောသည်။




(၁၀၀)

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်




နေပြည်တော် နိုဝင်ဘာ ၂၅

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံတောင်ပိုင်းစွန်း ကိုမိုရင်းဧရိယာ(Comorin Area)နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် သီရိလင်္ကာနိုင်ငံတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံတောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/ဇလ)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပြည်သူတွေမျှော်လင့်တောင့်တတဲ့ စစ်မှန်သောရွေးကောက်ပွဲပေါ်ပေါက်ရေး"** ခေါင်းစဉ်ဖြင့် ၂၆-၁၁-၂၀၂၅ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၃-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"တိုင်းပြည်၏အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကို ခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

❖ **ကျောဖုံးမှအဆက်**


Online လိမ်လည်မှုများနှင့် Online လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထက်ပါနယ်မြေများရှိ Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုခဲ့ကြသော အဆောက်အအုံများကို အပိုင်း(၃)ပိုင်းခွဲ၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း(၃)နယ်မြေအတွင်း Online



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၁၂ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၂ ထပ်တိုက်တန်းလျားများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများ ခိုအောင်းနိုင်သည့် ၂ ထပ်တိုက် နေရာအား ဝင်ရောက် ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများ ခိုအောင်းနိုင်သည့် ၃ ထပ်တိုက် လူနေအဆောက်အအုံများအား ဝင်ရောက် ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများ ခိုအောင်းနိုင်သည့် ၃ ထပ်တိုက် လူနေအဆောက်အအုံများအား ဝင်ရောက် ရှင်းလင်းနေမှုကို တွေ့ရစဉ်။



KK Park အပိုင်း(၃) အဆောက်အအုံ အတွင်းမှ ကွန်ပျူတာ ၁၀၀ လုံး သိမ်းဆည်း ရရှိမှုကိုတွေ့ရစဉ်။



လူနေအဆောက်အအုံ (၅)ထပ်တိုက်အား မဖောက်ခွဲမီတွေ့ရစဉ်။



လူနေအဆောက်အအုံ (၅)ထပ်တိုက်အား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုကိုတွေ့ရစဉ်။





လူနေအဆောက်အအုံ (၅)ထပ်တိုက်အားဖောက်ခွဲရန် ယမ်းများတပ်ဆင်နေမှုကိုတွေ့ရစဉ်။

လိမ်လည်မှုများနှင့် Online လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ကွန်ပျူတာ ၁၀၀ လုံးအား သိမ်းဆည်းရမိခဲ့သည်။ ၎င်းအပြင် တရားမဝင်အဆောက်အအုံ ၉ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ အပိုင်း(၃)ပိုင်းတွင် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးရှိသည့်အနက် ၂၃၇ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းသိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ၁၂ ထပ်အဆောက်အအုံ ၁ လုံး၊ ၃ ထပ်အဆောက်အအုံ ၁၆ လုံး၊ ၂ ထပ်အဆောက်အအုံ ၁၂ လုံးနှင့် ၁ ထပ်အဆောက်အအုံ ၂ လုံးတို့ကိုထပ်မံစစ်ဆေးခဲ့ရာ Online လိမ်လည်မှုနှင့်လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိသည့်အပြင် Online လိမ်လည်မှုလုပ်ငန်းသုံး Computer၊ Mobile Phone နှင့် ဆက်စပ်ပစ္စည်းများကိုလည်းတွေ့ရှိခြင်းမရှိကြောင်း သိရှိရသည်။



လူနေ အဆောက်အအုံ (၅)ထပ် တိုက်အား မဖောက်ခွဲမီ တွေ့ရစဉ်။



လူနေ အဆောက်အအုံ (၅)ထပ် တိုက်အား ဖောက်ခွဲ ဖျက်ဆီး ပြီးစီးမှုကို တွေ့ရစဉ်။





လူနေအဆောက်အအုံ (၅)ထပ်တိုက်အား ဖောက်ခွဲရန် ယမ်းများတပ်ဆင်နေမှုကိုတွေ့ရစဉ်။



လူနေ အဆောက်အအုံ (၅)ထပ်တိုက်အား ဖောက်ခွဲရန် ယမ်းများ တပ်ဆင် နေမှုကို တွေ့ရစဉ်။



KK Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့် (၂)ထပ်လူနေ အဆောက်အအုံ များအား မဖျက်ဆီးမီ တွေ့ရစဉ်။



KK Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့် (၂)ထပ်လူနေ အဆောက်အအုံ များအား ဖြိုချဖျက်ဆီး နေမှုကို တွေ့ရစဉ်။



KK Park အတွင်း ယန္တရားဖြင့် ဖြိုဖျက်မည့် (၂)ထပ်လူနေ အဆောက်အအုံ များမှ အိပ်ရာသုံး ပစ္စည်းများ စုပုံမီးရှို့ ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိမြန်မာနိုင်ငံအတွင်းသို့တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၈၄၇ ဦးနှင့် Online လိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၀၉၈ လုံး၊ မိုဘိုင်းဖုန်း ၂၁၇၅၀ လုံး၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိအဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စိစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး ယနေ့တွင် တရားမဝင်ပြည်ပနိုင်ငံသား ၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသူများကိုလည်း အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၆၈၇ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၃၄၃ ဦးကို ပြည်နှင်နိုင်ရေးစစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၅၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာမြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 237 buildings used in online scams and gambling demolished in KK Park, 51 illegal foreigners in Shwe Kokko handed over to relevant countries


Photo shows a five-storey residential building.


Photo shows a five-storey residential building that was blown up with explosives.


Soldiers preparing to blow up a five-storey residential building.


Soldiers preparing to blow up a five-storey residential building.

NAY PYI TAW November 25

The Government of Myanmar has raided and systematically demolishing buildings used in online scamming and gambling and exposing and taking action against illegal foreigners and expelling and handing over them to relevant countries.

In the crackdown on online scams and gambling, buildings used by the criminals have been systematically demolished in three phases every day. In doing so, nine illegal buildings, which were used in committing online scams and gambling were demolished, 100 computer sets were seized today. Furthermore, demolishing 237 buildings used in online scams and gambling out of 635 such buildings in three phases in KK Park.

Similarly, clearance operations in Shwe Kokko were carried out and a 12-storey building, 16 three-storey

See Page - 19 ■■


A two-storey building in KK Park that will be destroyed with heavy machinery.


A flattened two-storey building in KK Park.


Security forces burn down household items found in to-be-destroyed residential buildings in KK Park.



Photo shows a five-storey residential building.



Photo shows a five-storey residential building that was blown up with explosives.



Soldiers preparing to blow up a five-storey residential building.



Soldiers preparing to blow up a five-storey residential building.

■■ **From Page - 18**

buildings, 12 two-storey buildings and two one-storey buildings were raided and no one who was operating online scams and gambling was found and no computers, mobile phones and accessories used in online gambling were discovered.

Therefore, clearance operations in Shwe Kokko have so far detained 1,847 foreigners who illegally entered Myanmar and seized 3,098 sets of computers, 21,750 mobile phones, 102 Starlink discs, 22 routers and accessories, which were destroyed systematically and plans are underway to crack down such criminal acts.

The detained foreigners were detained in a building in the Lonhtin compound in Shwe Kokko Myaing Village in Puhlwepu Village-tract in Myawady Township and investigation teams were able of identify 200 foreigners. Today,

**See Page - 21** ■■



Soldiers preparing to blow up a five-storey residential building.



Photo shows 100 computers seized at a building located in section 3 area of KK Park.



Photo shows a five-storey residential building.



Photo shows a five-storey residential building that was blown up with explosives.

# Trump ready to talk with Maduro – Axios

WASHINGTON November 25

US President Donald Trump plans to speak directly with Venezuelan President Nicolas Maduro despite Washington's move to designate him as the head of a terrorist organization, Axios reported on Tuesday, citing administration officials.

The US has formally designated the 'Cartel of the Suns' – a purported criminal network alleged to operate within Venezuela's security services – as a foreign terrorist organization, putting it in the same category as Al-Qaeda and Islamic State. Announcing the step on Monday, the US Treasury reiterated long-standing allegations that Maduro, whose legitimacy Washington disputes, heads the group.

According to Axios, Trump's move marks a notable turn in his "gunboat diplomacy" toward Venezuela – and could indicate that US missile strikes or ground operations are unlikely in the near term.

"Nobody is planning to go in and shoot him or snatch him – at this point. I wouldn't say never, but that's not the plan right now," an anonymous official familiar with the matter told Axios.

"In the meantime, we're going to blow up boats shipping drugs. We're going to stop the drug trafficking," the official reportedly added.

No date has been set for a potential call between Trump and Maduro, which is "in the planning stages." Axios reported, citing another US official.

The move follows nearly two months of US airstrikes on small boats off Venezuela's coast, actions the Pentagon says target "narcoterrorism" and that have killed about 80 people.

The term 'Cartel of the Suns' emerged in the 1990s as a media label for alleged corruption among Venezuelan officers who wore sun-shaped insignia. In 2020, the US indicted Maduro and 14 current or former officials on drug-trafficking and organized-crime charges, alleging they collectively ran the cartel. Maduro has repeatedly denied the drug trafficking allegations and warned the US against launching "a crazy war."

Trump has also reportedly greenlighted a range of measures to pressure Venezuela and prepare for a possible broader military campaign, including covert CIA operations targeting Maduro's government.

Caracas has denounced the US military buildup as a violation of its sovereignty and an attempted coup, putting its forces on high alert. Maduro, meanwhile, has said Venezuela is prepared for "face-to-face" talks with Washington.

**RT**

# Russia still prefers diplomatic path to resolving Ukraine crisis - Lavrov

MOSCOW November 25

According to Foreign Minister Sergey Lavrov, Russia's stance is that diplomacy is still the preferable path in Ukraine.

"There is too much confusion going on. Zelensky says in Istanbul that he is ready to discuss this plan and agree on some acceptable language. Then his representatives ... say this is out of the question. It is difficult for me to comment on such speculation. We maintain our position that, of course, a diplomatic settlement is preferable," Lavrov said in an interview with the YouTube channel of Association Dialogue Franco-Russe.

Russia will consider what to discuss with the West once it declares its readiness to sit down at the negotiating table, the diplomacy chief added.

**Sputnik**

# Thailand declares state of emergency in southern province due to floods



BANGKOK November 25

Thailand's Prime Minister Anutin Charnvirakul declared a state of emergency in Songkhla Province on Tuesday as severe flooding ravaged the southern region.

The announcement came as the government established a specialized command center to coordinate rescue operations in response to unprecedented rainfall and flooding, which has caused widespread property damage and poses a critical threat to public safety.

According to the Department of Disaster Prevention and Mitigation, the monsoon-driven floods have impacted nine provinces in Thailand's southern region, specifically, affecting approximately 2.20 million people and resulting in 13 deaths across the provinces.

The Thai Meteorological Department has issued warnings that a strong northeast monsoon and an intense low-pressure cell covering the country's lower southern region and Malaysia are expected to bring continued heavy rainfall, significantly increasing the risk of flash floods and runoff from mountain slopes.

**Xinhua**

# LatAm bloc rejects U.S. "terrorist" designation of "nonexistent" cartel

CARACAS November 25

The Bolivarian Alliance for the Peoples of Our America-Peoples' Trade Treaty (ALBA-TCP) on Monday "categorically" rejected the U.S. designation of Venezuela's "non-existent" Cartel de los Soles as a "terrorist organization."

On November 16, U.S. Secretary of State Marco Rubio announced that the State Department intends to designate Cartel de los Soles as a Foreign Terrorist Organization, effective on Monday.

In a statement, the regional bloc said that the U.S. move aims to justify aggression against the South American country and force a change of government.

The U.S. policy of aggression and threats against Venezuela has been strongly and almost unanimously rejected by the international community, it added.

The bloc urged the United States to stop the policy against the region, particularly against Venezuela, since such actions cause instability, falsehoods and unnecessary risks to regional coexistence.

Also on Monday, the Venezuelan government rejected the U.S. "terrorist" designation of Cartel de los Soles, condemning the move as a "vile lie."

**Xinhua**

# Death toll rises to 17 in Indonesia's landslide

JAKARTA November 25

Indonesian authorities on Tuesday officially ended search and rescue operations for the Banjarnegara landslide, where the death toll has risen to 17, while 11 people remain missing.

According to the National Disaster Management Agency (BNPB), the landslide struck Pandanarum Village in Central Java's Banjarnegara Regency on November 15 at around 4:00 p.m.

The BNPB said in a statement on late Tuesday that the ten-day rescue effort was halted following a comprehensive evaluation. Ongoing soil movement, unstable weather, and deep, widespread debris made further searches too dangerous for rescue personnel.

Five additional bodies were recovered on the final day of operations, bringing the confirmed number of fatalities to 17, including two recovered body parts. Despite deploying all available search methods, teams were unable to locate 11 others believed to be buried.

The disaster also injured four residents and displaced 1,019 people. Material losses included 206 destroyed houses, damaged roads and irrigation channels, livestock losses, and the destruction of small shops and fishponds.


The BNPB said recovery efforts will now become the focus, including relocating residents from high-risk areas, providing psychosocial support, and preparing 50 temporary shelters before the end of December.

**Xinhua**

■■ From Page - 19
the teams were able to hand over 51 foreigners to relevant countries and collecting biographical information and documents to hand over them to relevant countries as soon as possible.

From 30 January to 25 November, 2025, a total of 12,687 foreigners who entered Myanmar illegally were detained and investigated 12,343 of them for repatriation and 10,029 were handed over to relevant countries through Thailand in accordance with the law, rules and regulations. The remaining 2,658 foreigners are underway to hand over to relevant countries and are detained properly.

The Government is committed to continue to eliminate online scams and gambling in Myanmar as a national responsibility by cooperating with domestic forces and neighbouring governments. **100**



Security forces conduct search and arrest operations at a three-storey residential building where illegal foreigners would be hiding.



Security forces search and arrest illegal foreigners in a 12-storey building.



Security forces conduct search and arrest operations at a two-storey residential quarters where illegal foreigners would be hiding.



Security forces conduct search and arrest operations at a two-storey residential quarters where illegal foreigners would be hiding.



Security forces conduct search and arrest operations at a single-storey reception building.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM)နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း(ROSATOM)နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်သော သိပ္ပံပွဲတော် ၂၀၂၅ (Science Festival 2025) ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီ Naypyitaw State Polytechnic University (NSPU) ၌ ဆက်လက်ကျင်းပသည်။



သိပ္ပံပွဲတော်သို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံ ROSATOM နှင့် ရုရှားနိုင်ငံ National Research Nuclear University MEPhI (Moscow Engineering Physics Institute) မှတာဝန်ရှိသူများကြည့်ရှုအားပေးကြသည်။


နံနက်ပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ Project Shows ပြုလုပ်နေမှု၊ ပန်းချီပြခန်းနှင့် စုဝေးခန်းမ၌ "The Science Movies Almanac" မှတ်တမ်းရုပ်ရှင်များပြသနေမှုကို တာဝန်ရှိသူများ၊ ကျောင်းသားများနှင့်အတူ ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ရုရှားနှင့် မြန်မာနိုင်ငံမှကျွမ်းကျင်ပညာရှင်များက ပြန်လည်ဖြေကြားဆွေးနွေးပေးကြသည်။

ထို့ပြင် အခြေခံပညာအထက်တန်းကျောင်းများမှ Grade-5 ကျောင်းသား၊ ကျောင်းသူ ၁၀၀ ခန့်သည် "DIY Science Session" ကိုယ်တိုင်ဖန်တီးနိုင်သော သိပ္ပံနည်းပညာရပ်များကို လက်တွေ့ပြုလုပ်ခြင်းပြိုင်ပွဲတွင်လူငယ်များ သိပ္ပံကမ္ဘာနှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုရရှိစေမည့် အခွင့်အလမ်းများပေးနိုင်ရန်၊ အခြေခံအင်ဂျင်နီယာနည်းပညာရပ်များ တီထွင်ဖန်တီးနိုင်သော အရည်အချင်းများ၊ အသိပညာဗဟုသုတများရရှိစေရန် ပျော်ရွှင်တက်ကြွစွာ ပါဝင်ဆင်နွှဲကြသည်။

Small Modular Reactor(SMR) အသေးစားနျူကလီးယားစက်ရုံနှင့်စပ်လျဉ်းသည့် အသိပညာဟောပြောပွဲတွင် ရုရှားပညာရှင်များက SMR သည် ဘေးကင်းပြီး ယုံကြည်စိတ်ချရမှုရှိသည့် နည်းပညာရပ်များဖြင့် တည်ဆောက်ထားသောစနစ်တစ်ခုဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပါက အလိုအလျောက်ဘေးကင်းလုံခြုံစွာ Shut Down လုပ်နိုင်စွမ်းရှိသည့် စနစ်များပါရှိကြောင်း ဆွေးနွေးပြောကြားသည်။

HackAtom ပြိုင်ပွဲတွင် အဖွဲ့ ၁၀ ဖွဲ့မှ Small modular nuclear reactors as a basis for industrial development of the region ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများက အနိုင်ရရှိသည့် အဖွဲ့များကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြဝတီ




| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၄ | ၂၆ |
| ရှမ်း(မြောက်) | ၁၁ | ၂၈ |
| ရှမ်း(အရှေ့) | ၁၁ | ၂၇ |
| ရှမ်း(တောင်) | ၈ | ၂၅ |
| ချင်း | ၄ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၄ | ၂၉ |
| စစ်ကိုင်း(အောက်) | ၁၈ | ၃၁ |
| နေပြည်တော် | ၁၈ | ၃၁ |
| မန္တလေး | ၁၈ | ၃၂ |
| မကွေး | ၁၈ | ၃၂ |
| ရခိုင် | ၂၀ | ၃၁ |
| ပဲခူး | ၁၇ | ၃၂ |
| ရန်ကုန် | ၁၉ | ၃၁ |
| ဧရာဝတီ | ၂၀ | ၃၂ |
| ကယား | ၉ | ၂၆ |
| ကရင် | ၂၀ | ၃၃ |
| မွန် | ၂၀ | ၃၁ |
| တနင်္သာရီ | ၂၀ | ၃၂ |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈°C | / | ၃၁°C |
| ရန်ကုန် | ၁၉°C | / | ၃၁°C |
| မန္တလေး | ၁၈°C | / | ၃၂°C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၅

၂၀၂၅ ခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး(၁၆)ရက်တာ လှုပ်ရှားမှုအခမ်းအနားကို နေပြည်တော် ရုံးအမှတ် ၂၃ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီတို့မှ ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ပြည်ထောင်စုနယ်မြေနေပြည်တော်အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် အကြမ်းဖက်ခံရသော အမျိုးသမီးတစ်ဦးချင်းအပေါ်သာမက မိသားစုများ၊ လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းအတွက် ထိခိုက်မှု၊ နစ်နာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂကချမှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် ဆောင်ပုဒ်မှာ **" UNiTE to End Digital Violence against All Women and Girls" "အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ် အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး"** ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်အကြမ်းဖက်မှုများသည် ကမ္ဘာပေါ်ရှိမည်သည့်နေရာတွင်မဆို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်သည့်အတွက် ဥပဒေများပြဋ္ဌာန်းပြီး ထိရောက်စွာ အရေးယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်စပ်လျဉ်းပြီး ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တုံ့ပြန်မှုပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အစိုးရဌာန/အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြမ်းဖက်ခံရသည့်သူများက Help Line ဖုန်းနံပါတ် 1566 ကို တိုင်ကြားလာပါက ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်အပေါ်မူတည်၍ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကိုအသုံးပြုကာ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူ(Case Manager) ၅၉၆ ဦးနှင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One Stop Women Support Center–OSWSC)နှင့် ကျားမအခြေပြု အကြမ်းဖက်ခံရသူများကိုတစ်နေရာတည်းတွင်ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်သည့်စင်တာ (One Stop Crisis Center – OSCC) တို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနများတွင် ဖွင့်လှစ်ပြီး ဝန်ဆောင်မှုများ ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ Video Clip ကို ပြသပြီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်၏ အမျိုးသမီးငယ်များက Fitness Dance ဖြင့် တင်ဆက်ကပြခဲ့ကြောင်း သိရသည်။

မြဝတီ

# တရုတ်နိုင်ငံက အရေးပေါ်အာကာသယာဉ်လွှတ်တင်မှုကို ပထမဆုံးလုပ်ဆောင်နိုင်



ပေကျင်း၊ အာကာသ

တရုတ်နိုင်ငံက နိုဝင်ဘာလ ၂၅ ရက်တွင် Shenzhou-22 အာကာသယာဉ်ကို ကမ္ဘာပတ်လမ်းအတွင်းသို့ အောင်မြင်စွာလွှတ်တင်လိုက်နိုင်သည်။ ထိုလွှတ်တင်မှုသည် တရုတ်နိုင်ငံအတွက် ပထမဆုံးသော အရေးပေါ်အာကာသယာဉ်လွှတ်တင်မှုဖြစ်လာသည်။

Shenzhou-22 တွင် လူလိုက်ပါခြင်းမရှိသော်လည်း အာကာသစခန်းတွင်နေထိုင်သူများအတွက် အစားအသောက်များ၊ ဆေးဝါးများ၊ သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များအပြင် Shenzhou-20 အာကာသယာဉ်ရှိ အက်နေသောမှန်ကို ပြုပြင်မည့်ပစ္စည်းများကိုပါသယ်ဆောင်သွားခြင်းဖြစ်သည်။

ထိုအာကာသယာဉ်သည် မြေပြင်မှလွှတ်တင်ပြီးနောက် ၁၀ မိနစ်ခန့်အကြာတွင် ဒုံးပျံမှခွဲထွက်ကာ သတ်မှတ်ပတ်လမ်းသို့ အောင်မြင်စွာဝင်ရောက်သွားနိုင်ကြောင်း တရုတ်အာကာသအေဂျင်စီက ထုတ်ပြန်ထားသည်။

မူလက အလှည့်ကျအာကာသယာဉ်မှူးများသည် Shenzhou-20 အာကာသယာဉ်ဖြင့် နိုဝင်ဘာလ ၅ ရက်တွင်ပြန်လာရန် စီစဉ်ထားသော်လည်း အာကာသအမှိုက်နှင့်တိုက်မိခြင်းကြောင့် အာကာသယာဉ်ချွတ်ယွင်းချက်ဖြစ်ပေါ်သွားသည့်အတွက် Shenzhou-22 ကိုအရေးပေါ်ထောက်ပံ့ရေးယာဉ်အဖြစ် Long March-2F Y22 ဒုံးပျံအသုံးပြု၍လွှတ်တင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Ref: Xinhua**

# ပါကစ္စတန်၏ လေကြောင်းတိုက်ခိုက်မှု အာဖဂန်နစ္စတန်ပြည်သူ ၁၀ ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

ကဘူး၊ လုံခြုံရေး

ပါကစ္စတန်လေတပ်က အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းဒေသကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများလုပ်ဆောင်သည့်အတွက် အာဖဂန်နစ္စတန်ပြည်သူ ၁၀ ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိထားသည်ဟု အာဖဂန်နစ္စတန်အစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာလ ၂၅ ရက်တွင် ပြောသည်။

ပါကစ္စတန်လေတပ်သည် နိုဝင်ဘာလ ၂၄ ရက်ညသန်းခေါင်ယံတွင် ခို့(စ်)ပြည်နယ်ရှိ ဂါးဘတ်ခရိုင်အပေါ် လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် ကလေးငယ်ကိုးဦးနှင့် အမျိုးသမီးတစ်ဦးတို့သေဆုံးသွားကြောင်း ပြောရေးဆိုခွင့်ရှိသူကဆက်ပြောသည်။

အလားတူ ပါကစ္စတန်လေတပ်သည် ကူနာနှင့်ပက်တီကာပြည်နယ်တို့တွင်လည်း လေကြောင်းတိုက်ခိုက်မှုများလုပ်ဆောင်သောကြောင့် အရပ်သားလေးဦးဒဏ်ရာရရှိထားကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်ဟုသိရသည်။ **Ref: Xinhua**

# အမေရိကန်နှင့် ရုရှားတို့က အဘူဒါဘီမြို့၌ ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးမှုပြုလုပ်

အဘူဒါဘီ၊ ငြိမ်းချမ်းရေး

အမေရိကန်နှင့်ရုရှားနိုင်ငံတို့မှ တာဝန်ရှိသူများက ယူကရိန်းငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်၍ အဘူဒါဘီမြို့တွင်တွေ့ဆုံဆွေးနွေးမှုလုပ်ဆောင်ကြောင်းသိရသည်။ အမေရိကန်ကြည်းတပ်ဝန်ကြီး ဒန်ဒရစ်ကိုးက ကြိုတင်ကြေညာထားခြင်းမရှိဘဲ ရုရှားတာဝန်ရှိသူများနှင့် နိုဝင်ဘာလ ၂၅ ရက်တွင်တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ချမှတ်ထားသော ယူကရိန်းငြိမ်းချမ်းရေးအစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်နှင့်ယူကရိန်းတို့ကြားဆွေးနွေးမှုလုပ်ဆောင်ပြီးနောက် အမေရိကန်နှင့်ရုရှားက ယခုဆွေးနွေးပွဲကိုလုပ်ဆောင်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲများလုပ်ဆောင်ရသည့်ရည်ရွယ်ချက်သည် ငြိမ်းချမ်းရေးအစီအစဉ်နှင့်ပတ်သက်၍ ကွဲလွဲချက်များကိုတတ်နိုင်သမျှနည်းပါးစေရေးအတွက်ဖြစ်သည်ဟု အမေရိကန်တာဝန်ရှိသူများကပြောသည်။ ဒန်ဒရစ်ကိုးအနေဖြင့် အဘူဒါဘီမြို့တွင် ယူကရိန်းတာဝန်ရှိသူများနှင့်လည်း ဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။ **Ref: ST**

# တောင်ကိုရီးယား၌ အာဖရိက ဝက်အပြင်းဖျားရောဂါ အရေးကြီးအခြေအနေ သတ်မှတ်

ဆိုး၊ ကျန်းမာရေး

တောင်ကိုရီးယားနိုင်ငံ၌ အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားမှုကို အရေးကြီးအခြေအနေသတ်မှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ယခုနှစ်အတွက် ဆဋ္ဌမမြောက် အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားမှုကိုအတည်ပြုနိုင်ပြီးနောက် တောင်ကိုရီးယားကျန်းမာရေးတာဝန်ရှိသူများက နိုဝင်ဘာလ ၂၅ ရက်တွင် ယခုကဲ့သို့သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ဂျောင်ဂီပြည်နယ်၌ ပဉ္စမမြောက်ရောဂါဖြစ်ပွားမှုကိုအတည်ပြုပြီးနောက်နှစ်လအကြာတွင် တောင်ချမ်းချောင်းပြည်နယ်ရှိဝက်မွေးမြူရေးခြံတစ်ခြံ၌ ဆဋ္ဌမမြောက်ရောဂါဖြစ်ပွားမှုကို တွေ့ရှိခြင်းဖြစ်သည်။

ထို့ကြောင့် တာဝန်ရှိသူများက လိုအပ်သောစစ်ဆေးမှုများလုပ်နိုင်ရန် ဝက်နှင့်ပတ်သက်သောလုပ်ငန်းများအားလုံးကို ၄၈ နာရီကြာရပ်ဆိုင်းရမည်ဟုညွှန်ကြားထားကြောင်းသိရသည်။ **Ref: Xinhua**

# အရှေ့တောင်အာရှဒေသ၌ ပြင်းထန်သောရေကြီးမှုများ ဖြစ်ပွားနေ



ဘန်ကောက်၊ သဘာဝဘေး

အရှေ့တောင်အာရှဒေသ၌ ပြင်းထန်သောရေကြီးမှုများဆက်လက်ဖြစ်ပွားနေကြောင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုများဆက်လက်ဖြစ်ပွားလာနိုင်ခြေရှိကြောင်း တာဝန်ရှိသူများကထုတ်ပြန်ထားသည်။

အရှေ့တောင်အာရှဒေသ၌ပါဝင်သည့် ထိုင်းနိုင်ငံတောင်ပိုင်းတွင် ရေကြီးမှုများကြောင့် အနည်းဆုံးလူ ၁၃ ဦးသေဆုံးပြီး အိမ်ခြေ ၈ သိန်းနီးပါး ရေလွှမ်းမိုးမှုဒဏ်ခံရကာ ရော်ဘာစိုက်ခင်းများနှင့် ဆီအုန်းစိုက်ခင်းများမှာလည်း ရေအောက်ရောက်နေသည်။

အလားတူ မလေးရှားကျွန်းဆွယ်ဒေသတွင် ရေကြီးမှုများကြောင့် လူ ၁၆၀၀၀ ကျော်မှာ ရေဘေးလွတ်ရာသို့ရွှေ့ပြောင်းနေထိုင်ရကာ ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ ရေကြီးမှုများကြောင့် လူအယောက် ၉၀ ကျော်သေဆုံးထားသည်။

အဆိုပါဒေသများတွင် အရှေ့မြောက်မုတ်သုံရာသီဥတုကြောင့် မိုးသည်းထန်စွာရွာသွန်းမှုမှာ သာမန်ဖြစ်ရိုးဖြစ်စဉ်သာဖြစ်သော်လည်း ယခုမျှလောက်အထိရွာသွန်းရခြင်းသည် မှတ်တမ်းတင်ရလောက်သည်အထိဖြစ်သည်။ ထို့ပြင် မုန်တိုင်းတိုက်ခတ်မှုနှင့်မကြာခဏရင်ဆိုင်နေရသော ဖိလစ်ပိုင်နိုင်ငံအပါအဝင် ယင်းဒေသများ၌ လာမည့်သီတင်းပတ်များအတွင်း မိုးများနိုင်ခြေရှိကြောင်း ပညာရှင်များကခန့်မှန်းထားသည်။ **Ref: ST**

# လက်ဘနွန်၌ အပစ်ရပ်ပြီးနောက် အစ္စရေး၏တိုက်ခိုက်မှုကြောင့်လူ ၁၂၇ ဦးသေဆုံး

ဂျီနီဗာ၊ စစ်ရေး

အစ္စရေးနှင့်လက်ဘနွန်နိုင်ငံတို့ကြား အပစ်အခတ်ရပ်စဲပြီးနောက် တစ်နှစ်နီးပါးကာလအတွင်း အစ္စရေး၏တိုက်ခိုက်မှုများကြောင့် အနည်းဆုံးပြည်သူ ၁၂၇ ဦးသေဆုံးကြောင်း ကုလသမဂ္ဂက နိုဝင်ဘာလ ၂၅ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ပြင် အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန်နှင့် အပစ်အခတ်ရပ်စဲရေးကိုလေးစားလိုက်နာရန်လည်း ကုလသမဂ္ဂကတောင်းဆိုထားသည်။

"အစ္စရေးနဲ့လက်ဘနွန်တို့ကြား အပစ်အခတ်ရပ်စဲပြီးကတည်းက တစ်နှစ်နီးပါးကြာကာလအတွင်း အစ္စရေးရဲ့ တိုက်ခိုက်မှုတွေတိုးမြင့်လာတာကို မိမိတို့အနေနဲ့မြင်တွေ့ရပါတယ်။ ဒီလိုမျိုးတိုက်ခိုက်မှုတွေကြောင့် လက်ဘနွန်ပြည်သူများသေဆုံးပြီး အရပ်ဘက်စီမံကိန်းများလည်းပျက်စီးခဲ့ရပါတယ်" ဟု ကုလသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ယခုထုတ်ပြန်သည့်သေဆုံးသူအရေအတွက်သည် သေချာနည်းအရတွက်ချက်ထားခြင်းသာဖြစ်သောကြောင့် လက်တွေ့မြေပြင်တွင် အစ္စရေး၏တိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်သည် ယခုထက်ပိုမိုများပြားနိုင်ဖွယ်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူကပြောသည်ဟုသိရသည်။

**Ref: RTA**



# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ

**နေပြည်တော်  နိုဝင်ဘာ ၂၅**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပမှုကိုပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံး လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်းစသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းပြုလုပ်သူများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက် ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေ နှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက် လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁၆ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့၊ အမှတ်(၁၀) ရပ်ကွက်၊ ရန်ကြီးအောင်လမ်းပေါ်၌ စစ်ဆေး ခြင်းများဆောင်ရွက်နေစဉ် အဆိုပါရပ်ကွက် နေ ဆန်းလင်း(ခ) ဒေါက်ဆန်း(၆၀)နှစ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား နှောင့်ယှက် ဟန့်တားသည့် လှုံ့ဆော်စာများနှင့် ဓာတ်ပုံ များအား Tiktok လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားသည်ကို စစ်ဆေးတွေ့ရှိရ သဖြင့် ဆန်းလင်း(ခ)ဒေါက်ဆန်းအား နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ရွှေဘိုမြို့မ ရဲစခန်း(ပ)၃၃၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၂၀ ရက်နေ့ ညနေ ၄ နာရီခွဲအချိန်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၆)ရပ်ကွက်၊ သီရိလမ်း၊ ကမော့ကစင်ရွာသစ်တုန်းကြီးကျောင်းမုခ်ဦး အနီးစိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဆုတ်ဖြဲ ဖျက်ဆီးခြင်းခံထားရကြောင်း သတင်းအရ ဘားအံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ ပြည်ခိုင်ဖြိုး ပါတီ၏ မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ်အား ဖျက်ဆီးခဲ့သည့် အမှတ်(၉)ရပ်ကွက်နေ ထက်နေလင်း(၂၇)နှစ်အား ဖော်ထုတ်ဖမ်းဆီး ရမိခဲ့သဖြင့် ထက်နေလင်းအား ဘားအံမြို့မ ရဲစခန်း(ပ)၁၃၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့် ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေး ရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၂၀ ရက်နေ့ မွန်းလွဲ ၂ နာရီ ၅၀ မိနစ်အချိန်တွင် ရန်ကုန်တိုင်း ဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)ရပ်ကွက် နေ ဒေါ်ချိုချိုဝင်း(၅၄)နှစ်သည် ၎င်းအသုံးပြု သည့် "Cho Cho Win" Facebook account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားဖြန့်ဝေခဲ့သဖြင့် ချိုချိုဝင်းအား မင်္ဂလာဒုံမြို့မရဲစခန်း(ပ)၃၂၁/၂၀၂၅၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၂၁ ရက်နေ့ ည ၁၀ နာရီ ၃၅ မိနစ်အချိန်တွင် ရွှေပြည်သာ မြို့နယ်၊ အမှတ်(၂၅)ရပ်ကွက်အုပ်ချုပ် ရေးမှူး ဦးမြင့်သောင်းနှင့်အဖွဲ့သည် အထွေထွေရွေးကောက်ပွဲ မဲပေးနိုင်ရေး မဲစာရင်းများအား ကြေညာထားရှိကြောင်း ရပ်ကွက်အတွင်း လှည့်လည်အသိပေး နှိုးဆော်နေစဉ် အဆိုပါရပ်ကွက်နေ နေမျိုးအောင်(၄၉)နှစ်မှ နှောင့်ယှက်ဟန့် တားကာ ဆဲဆိုခဲ့သဖြင့် နေမျိုးအောင်အား နိုဝင်ဘာလ ၂၂ ရက်နေ့တွင် လှော်ကား နယ်မြေရဲစခန်း(ပ)၂၇၅/၂၀၂၅၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၂၂ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်(၈)ရပ်ကွက်၊ ကျိုက်ပွန် စေတီတော်မုခ်ဦးအနီး ပဲခူး-ရန်ကုန်ကား လမ်းမကြီးဘေး၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်အား အမျိုးသား ၂ ဦးမှ တွန်းလှဲ ဖျက်ဆီးခဲ့ကြောင်း သတင်းအရ ပဲခူးမြို့၊ အမှတ်(၃)နယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ မဲဆွယ် စည်းရုံးရေးဆိုင်းဘုတ်အား ဖျက်ဆီးသွား သူများဖြစ်ကြသည့် ဥဿာမြို့သစ်(၇) ရပ်ကွက်နေသူများဖြစ်သော ဦးပြား(၄၆) နှစ်နှင့် ဦးကျော်ငွေဇင်(၃၈)နှစ်တို့ ၂ ဦးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ ၂ ဦးအား ပဲခူးမြို့၊ အမှတ်(၃)နယ်မြေရဲစခန်း (ပ)၁၉၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီး ပြီး ထိရောက်ပြစ်ဒဏ်ရရှိရေးဆောင်ရွက် လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာလ ၇ ရက်နေ့ နံနက် ၇ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ထားဝယ်-မြိတ် ကားလမ်းပေါ်၌ ကျော်ကျော်(ခ)ညီညီ(၃၁)နှစ် ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက် သမားများက "ရွေးကောက်ပွဲကိုဆန့်ကျင် ကြ" ဆိုသည့် စာသားများရေးသားခဲ့သဖြင့် ကျော်ကျော်(ခ)ညီညီ ဦးဆောင်သည့် အကြမ်းဖက်သမားများအား နိုဝင်ဘာလ ၁၈ ရက်နေ့တွင် သရက်ချောင်းမြို့မရဲစခန်း (ပ)၁၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/ ၂၃(ခ)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဈေးသစ်ရပ်ကွက်နေ ဦးဇော်ဝေ(၅၀)နှစ်သည် ၎င်းအသုံးပြုသည့် Zaw Wai Facebook Account ဖြင့် ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံများ အားအသုံးပြုကာ ပြည်ခိုင်ဖြိုးပါတီအား အများပြည်သူအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာပေါ်၌ မဟုတ်မမှန် ရေးသားလွှင့်တင်ခဲ့သဖြင့် ဇော်ဝေအား နိုဝင်ဘာလ ၁၇ ရက်နေ့တွင် တွံတေးမြို့မ ရဲစခန်း (ပ)၂၀၈/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ် အတွင်းရှိ မဲတောကျေးရွာ၊ အုတ်ဖိုမော် ကျေးရွာ၊ စန္ဒားငယ်ကျေးရွာ၊ ချောင်းကြီးဝ ကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် များထံသို့ သိန်းဇော်မင်း (၅၀)နှစ်ဦးဆောင် သည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ အင်အား(၅၀)ဦးခန့်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ လိုက်ပါဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက် ရေးသားထားသည့် ခြိမ်းခြောက်စာများ ပေးပို့ခဲ့သဖြင့် သိန်းဇော်မင်းပါ PDF အမည်ခံ အကြမ်းဖက်သမား (၅၀)ဦးအား နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကံမော်နယ်မြေရဲစခန်း(ပ) ၁၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)/၂၄(ခ)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အောင်မေတ္တာလမ်းနှင့် လှိုင်ဘူတာရုံလမ်း ထောင့်၌ စိုက်ထူထားသည့် ပြည်သူ့ ရှေ့ဆောင်ပါတီ "PPP" ပါတီ၏ မဲဆွယ် စည်းရုံးရေးဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီး ခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ) အား နိုဝင်ဘာလ ၁၇ ရက်နေ့တွင် လှိုင်မြို့မ ရဲစခန်း(ပ)၂၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၁၆ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်နေ ပြည်ခိုင်ဖြိုးပါတီ ကော်မတီဝင် ဒေါ်ခက်ခက်ကို(၅၃)နှစ်သည် မြဝတီမြို့အတွင်း စိုက်ထူထားသည့် ပါတီ အောင်နိုင်ရေး မဲဆွယ်စည်းရုံးရေးဆိုင်းဘုတ် များအား လိုက်လံကြည့်ရှုခဲ့ရာ အမှတ်(၄) ရပ်ကွက် ဓိဋ္ဌာန်အောင်ဘုရားပတ်လမ်းနှင့် တောင်တန်းလမ်းထောင့်၌စိုက်ထူထား သည့် မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ် မှာ ဖျက်ဆီးခံထားရသည်ကိုတွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၁ ရက်နေ့တွင် မြဝတီမြို့မရဲစခန်း(ပ) ၂၆၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ မြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက်၊ ၇၆ လမ်း၊ ၁ လမ်းနှင့် ၂ လမ်းကြား၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဆုတ်ဖြဲဖျက်ဆီးထား သည်ကိုတွေ့ရှိရသဖြင့် ဆုတ်ဖြဲဖျက်ဆီးသူ (စုံစမ်းဆဲ)အား အောင်မြေသာစံမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်း(ပ)၉၅/၂၀၂၅၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ ဝေဘာဂီရပ်ကွက်၊ ဝေပောင်လမ်းနှင့် မြို့ပတ်လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေး ဆိုင်းဘုတ်အား မီးရှို့ဖျက်ဆီးခံခဲ့ရသဖြင့် မီးရှို့ဖျက်ဆီးသူ(စိစစ်ဆဲ)အား ဝေဘာဂီ နယ်မြေရဲစခန်း(ပ)၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ဘုတ်ခြံကျေးရွာ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်း ဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီး သွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၁ ရက် နေ့တွင် ပုလောမြို့မရဲစခန်း (ပ)၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း မှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ပြုံးချောင်းကျေးရွာဘုရားဝင်းအတွင်းရှိ သစ်ပင်များ၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ပျက်ပြားစေရန်လှုံ့ဆော်ရေးသားထားသည့် လှုံ့ဆော်စာများ ကပ်ထားသည်ကို တွေ့ရှိရ သဖြင့် လှုံ့ဆော်စာများကပ်ခဲ့သူ(စိစစ်ဆဲ) အား တောင်ငူမြို့နယ်၊ အမှတ်(၃)နယ်မြေ ရဲစခန်း (ပ)၅၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)/၂၃(ခ)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(က)ရပ်ကွက်နေ ဇေယျာမင်းထက် သည် ၎င်းအသုံးပြုသည့် Zay Yar Min Htet Facebook Account ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ပျက်ပြားစေရန် လှုံ့ဆော်ရေးသားထားသည့် စာများအား ထပ်ဆင့်လွှင့်တင်ထားသည်ကိုတွေ့ရှိရ သဖြင့် ဇေယျာမင်းထက်အား သုဝဏ္ဏ နယ်မြေရဲစခန်း(ပ)၂၂၇/၂၀၂၅၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် "လူထုသတင်းစာတိုက်" Facebook Account မှ ပြင်ဦးလွင်မြို့နယ်၌ ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးဟောပြောနေသည့်မှတ်တမ်း ဓာတ်ပုံများအသုံးပြု၍ ပြည်ခိုင်ဖြိုးပါတီကို အများပြည်သူအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်ရေးသားထားသည့်စာသား များအား လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရေးသားဖြန့်ဝေခဲ့သဖြင့် "လူထုသတင်း စာတိုက်" Facebook Account ပိုင်ရှင်(စိစစ်ဆဲ) အား ပြင်ဦးလွင်မြို့မရဲစခန်း (ပ)၂၄၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီး ခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှု ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိ နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်  နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# သံသရာဆုံးတိုင်ပါရမီဖြည့်ဖက်

**ယသော်ဓရာသည် သက်တော်(၇၈)နှစ်တွင် ရဟန္တာအဖြစ် ပရိနိဗ္ဗာန်ပြုခဲ့သလို မြတ်ဗုဒ္ဓသည်လည်း သက်တော် (၈၀)နှစ်တွင် ပရိနိဗ္ဗာန်ပြု၍ နိဗ္ဗာန်သို့ရောက်ခဲ့ကြသည်။ ဓမ္မကထိက၊ ထေရ်ကြီးဝါကြီးများ၏ ဟောကြားမှုတွင် သံသရာ၏အစအား မည်သူမျှမသိနိုင်သော်လည်း နိဗ္ဗာန်ရောက်ရှိလျှင် သံသရာဆုံးသည်ဟု နာကြားရသည်။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သည့် မြတ်ဗုဒ္ဓနှင့် ယသော်ဓရာထေရီတို့သည် သံသရာတွင် တစ်ဖန်ပြန်လည်ဆုံတွေ့နိုင်မည်မဟုတ်တော့သည့်အတွက် နိဗ္ဗာန်သို့တိုင် ပါရမီဖြည့်နိုင်သူများဖြစ်ကြောင်း . . .**

ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဓနမင်းကြီးနှင့် မိဖုရားကြီး မာယာဒေဝီတို့မှတစ်ဦးတည်းသောသားတော် သိဒ္ဓတ္ထမင်းသားအား မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့် သောကြာနေ့ ဝိသာခါနက္ခတ်နှင့် ယှဉ်သောအချိန်တွင် လုမ္ဗိနီမည်သော အင်ကြင်းတော၌ မွေးဖွားသန့်စင်သလို ဒေဝဒဟပြည့်ရှင် ဘုရင်သုပ္ပဗုဒ္ဓမင်းကြီးနှင့် မိဖုရားကြီးအမိတာ တို့မှ သမီးတော် ဘဒ္ဒကစ္စနာ(နောင်တွင်) ယသော်ဓရာဒေဝီအား ၎င်းနှစ်၊ ၎င်းနေ့ရက်၌ပင် မွေးဖွားသန့်စင်ခဲ့သည်။

သုဒ္ဓေါဓနမင်းကြီးနှင့်အမိတာမိဖုရားကြီးတို့သည် မောင်နှမအရင်းများဖြစ်ရာ သိဒ္ဓတ္ထမင်းသားနှင့်ယသော်ဓရာဒေဝီတို့သည် မောင်နှမဝမ်းကွဲများဖြစ်သလို ဖွားဖက်တော်များလည်းဖြစ်သည်။ ယသော်ဓရာဒေဝီသည် သိဒ္ဓတ္ထမင်းသား၏ဖွားဖက်တော်(၇)ပါးတွင် တစ်ဦးတည်းသောအမျိုးသမီးဖွားဖက်တော်ဖြစ်သည်။ မိထွေးတော်ဂေါတမီ၏သမီး၊ ညီမဝမ်းကွဲတော်စပ်သူ ရူပနန္ဒာသည် ဇနပဒကလျာဏီ (နိုင်ငံအတွင်းအလှဆုံးဘွဲ့)ရရှိသော်လည်း ယသော်ဓရာကိုမမီကြောင်း နာကြားရသည်။

သိဒ္ဓတ္ထမင်းသားသည် မဇ္ဈိမဒေသတွင် ကြည်ညိုသပ္ပာယ်ဖွယ် အကောင်းဆုံး မဟာပုရိသဖြစ်ကြောင်း သိရသည်။ ဘဒ္ဒကစ္စနာ (ရွှေအဆင်းကဲ့သို့ ချောမောလှပသော)သည် ငယ်နာမည်ဖြစ်၍ အရွယ်ရောက်ချိန်တွင် ယသော်ဓရာ(အခြွေအရံပေါများသူ)ဟုခေါ်ဝေါ်ပြီး သားတော်ရာဟုလာ၏မိခင်ဖြစ်၍လည်း ရာဟုလာမာတာဟုခေါ်ကြသည်။

**ပါရမီဖြည့်ကျင့်မှု**

ဂေါတမဗုဒ္ဓပွင့်တော်မူရာ ဘဒ္ဒကမ္ဘာမှ ပြန်လည်ရေတွက်လျှင် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းအထက်၌ ဘုရားအလောင်းတော်သည် အမရဝတီနေပြည်တော်တွင် သုမေဓာသူဌေးသားဖြစ်သည်။ မိဘအမွေဖြစ်သည့်ငွေကြေးဥစ္စာများစွန့်လှူ၍တောထွက်ကာ ရသေ့ဝတ်ခဲ့သည်။ ရမ္မဝတီမြို့သားများသည် ဒီပင်္ကရာမြတ်စွာဘုရားကြွလာမည့်လမ်းအား ပြင်ဆင်ရာတွင် ရသေ့လေးမှပါဝင်လုပ်အားပေးသည်။

လမ်းပြင်ဆင်မှုမပြီးမီ ဒီပင်္ကရာမြတ်စွာဘုရားကြွချီလာသဖြင့် ရသေ့လေးသည် ပြင်ဆင်ဆဲလမ်းအပိုင်း၏ရွှံ့ညွန်များပေါ်တွင် ဝမ်းလျားမှောက်ကာ မြတ်စွာဘုရားကြွနိုင်ရန်တံတားသဖွယ်ခင်းပေးခဲ့သည်။ လုပ်အားပေးလူအုပ်အတွင်း သုမိတ္တာအမည်ရှိ အမျိုးသမီးတစ်ဦးလည်းပါရှိပြီး ယူဆောင်လာသည့် ကြာပန်း(၈)ပွင့် အနက် (၅)ပွင့်အား ရသေ့လေးမှ ဘုရားရှင်ကိုကပ်လှူစေပြီး သူမကိုယ်တိုင် ကြာ(၃)ပွင့်ကပ်လှူသည်။ နှုတ်မှလည်း ရသေ့လေး၏ပါရမီကို ကူညီဖြည့်ဆည်းရပါလို၏ဟုဆုတောင်းခဲ့သည်။

ဒီပင်္ကရာမြတ်စွာဘုရားမှ ဤရသေ့သည် နောင်အခါ ဂေါတမဘုရားဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးခဲ့ပြီး သိဒ္ဓတ္ထမင်းသားဂေါတမဘုရားအလောင်းဖြစ်ချိန်တွင် သုမိတ္တာသည် ကြင်ယာတော် ယသော်ဓရာဒေဝီဖြစ်လာသည်။

**နန်းစည်းစိမ်(၁၃)နှစ်**

သုဒ္ဓေါဓနမင်းကြီးသည် သားတော်အား စကြဝတေးမင်းအဖြစ်ဆန္ဒရှိသည်ဖြစ်၍ မွေးဖွားသည်မှ တောထွက်ချိန်ထိ အာရုံငါးပါးကပ်ငြိလွယ်သည့်အရာများနှင့်ပတ်ဝန်းကျင်အား ဖန်တီးပေးခဲ့သည်။ ယသော်ဓရာနှင့်လက်ထပ်ပြီး ရာသီအလိုက် စံစားနေထိုင်ရန် ရွှေနန်းပြာသာဒ်(၃)ဆောင် ဆောက်လုပ်ပေးရာတွင် ဘုံ (၉) ဆင့်ရှိ နွေရာသီစံနန်းတော်(ရမ္မနန်းတော်)၊ ဘုံ (၇) ဆင့်ရှိ မိုးရာသီစံနန်းတော်(သုဘနန်းတော်)၊ ဘုံ (၅) ဆင့်ရှိ ဆောင်းရာသီစံနန်းတော်(သုရမ္မနန်းတော်)တို့ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားနှင့် ယသော်ဓရာတို့သည် ပါရမီဖြည့်ဖက်ဖြစ်ခြင်း၊ မောင်နှမဝမ်းကွဲတော်စပ်ခြင်းတို့ကြောင့် အချင်းများခြင်း၊ စိတ်သဘောထားကွဲလွဲခြင်းများမရှိဘဲ လောကီစည်းစိမ်(ကာမသုခလ္လိက)အား ၁၃ နှစ်တိုင်ခံစားကြသည်။

တစ်နေ့သောအချိန်တွင် သိဒ္ဓတ္ထမင်းသားသည် ဥယျာဉ်တော်အတွင်းလှည့်လည်စဉ် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသည့် နိမိတ်ကြီးလေးပါးကိုမြင်တွေ့ပြီး သဘာဝတရားကို ဆင်ခြင်သုံးသပ်ကာ သစ္စာတရားနှင့် ငြိမ်းချမ်းမှုကိုရှာဖွေရန် လေးနက်စွာစဉ်းစားမိသည်။ ထိုစဉ် ယသော်ဓရာဒေဝီမှ သားတော်ဖွားမြင်ကြောင်း မင်းချင်းတစ်ဦး လာရောက်လျှောက်ထားရာ (ရာဟုဇာတော - အနှောင်အဖွဲ့တစ်ခုထပ်ရောက်လာပြီ)ဟု နှလုံးသွင်း၍ တောထွက်ရန် တွန်းအားဖြစ်စေသည်။ သို့နှင့် ခမည်းတော်နှင့် ကြင်ယာတော်အား အသိမပေးတော့ဘဲ ဖွားဖက်တော် ဆန္နအမတ်နှင့်ကဏ္ဍကမြင်းကိုစီးလျက် တောထွက်ခဲ့သည်။ ထိုနေ့ကား မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့်(မိုးကာလ) တနင်္လာနေ့ဖြစ်ပြီး ထိုအချိန်တွင် သိဒ္ဓတ္ထမင်းသားနှင့်ယသော်ဓရာတို့၏ သက်တော်မှာ ၂၉ နှစ်ရှိကြပြီဖြစ်သည်။

**ဂေါတမဗုဒ္ဓပွင့်တော်မူခြင်း**

သိဒ္ဓတ္ထမင်းသားသည် ဂေါတမဟုအမည်ရသည့် ဗောဓိသတ္တ(ဘုရားဖြစ်ရန် ကြိုးပမ်းအားထုတ်သူ)သည် ကပိလဝတ်နေပြည်တော်မှ ညဦးအချိန်ထွက်ခွာ၍ အနော်မာမြစ်အားဖြတ်ကူးပြီး မြစ်ကမ်းပါးတစ်ဖက်တွင် ကိုယ်တိုင်ရဟန်းပြုသည်။ သူ၏သန်လျက်ဖြင့် ဆံတော်နှင့် မုတ်ဆိတ်တို့အားရိတ်ပယ်၍ ရေးကမိတ်ဆွေဖြစ်ခဲ့ဖူးသည့် ဃဋိကာရ ဗြဟ္မာမင်းမှ သင်္ကန်းနှင့်ပရိက္ခရာ (၈) ပါးဆက်ကပ်သည်။ ထို့နောက် ဘုရားအလောင်းသည် ထင်ရှားသည့် ရသေ့နှစ်ပါးဖြစ်သည့် အာဠာရကာလာမနှင့် ဥဒကရာမပုတ္တတို့ထံ နည်းနာခံယူကျင့်ကြံသော်လည်း ဆန္ဒနှင့်မကိုက်ညီသဖြင့် ဒုက္ကရစရိယာအကျင့်(ခဲယဉ်းစွာပြုရသောအကျင့်)ကို (၆) နှစ်တိုင် ကျင့်ကြံတော်မူသည်။ သို့ရာတွင် ဒုက္ကရစရိယာကျင့်စဉ်သည်လည်း အမှန်မဟုတ်ကြောင်းသိရှိပြီး အစွန်းနှစ်ဖက်ပယ်သည့် အလယ်အလတ်ကျင့်စဉ်ဖြစ်သော မဇ္ဈိမပဋိပဒါလမ်းစဉ်ကို ပြောင်းလဲကျင့်ကြံရာမှ ပု-ဒိ-အာ ဉာဏ်တော်(၃)ပါးရရှိပြီး ဂေါတမဗုဒ္ဓအဖြစ် ပွင့်တော်မူခဲ့သည်။ ထိုနေ့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ဖြစ်သည်။

**ယသော်ဓရာ၏အလွမ်းနှင့်နိဂုံး**

သိဒ္ဓတ္ထမင်းသားတောထွက်ပြီးနောက် ဘုရားအဖြစ်ပွင့်တော်မူသည်အထိ ယသော်ဓရာသည် ပူဆွေးသောကကြီးစွာ ပရိဒေဝမီးလောင်မြိုက်သော်လည်း ဂေါတမမြတ်စွာဘုရားရှင်၏သတင်းကိုသာ နေ့စဉ်နားစွင့်၍ ပါရမီဖြည့်ဖက်ပီသစွာ ပါရမီများဖြည့်ကျင့်ခဲ့သည်။ ဓမ္မကထိကများ ဟောကြားသည့် တရားတော်များမှ ထုတ်နုတ်ဖော်ပြရလျှင်-

၁။ ဘုရားအလောင်းသစ်ခေါက်ဆိုးသင်္ကန်းကိုသာဝတ်ရုံသည်ဟုကြားသိလျှင် သူမလည်း သစ်ခေါက်ဆိုးရောင်အထည်များကိုသာဝတ်ဆင်ခြင်း။

၂။ ဘုရားအလောင်းလက်ဝတ်ရတနာများစွန့်၍ အမွှေးနံ့သာမလိမ်းကျံဟုကြားသိလျှင် သူမလည်း ၎င်းအရာများစွန့်လွှတ်ခြင်း။

၃။ ဘုရားအလောင်းတစ်ရက်လျှင် ဆွမ်းတစ်နပ်သာဘုဉ်းပေးကြောင်းကြားသိလျှင် သူမလည်း ထမင်းတစ်နပ်သာစားခြင်း။

၄။ ဘုရားအလောင်းသလွန်ညောင်စောင်းနှင့်မအိပ်ဟုကြားသိလျှင် သူမလည်း ကြမ်းပြင်၌သာအိပ်စက်ခြင်း။

၅။ ဘုရားအလောင်း သစ်သီးကိုသာစားသုံးသည်ဟုကြားသိလျှင် သူမလည်း ထမင်းအစား သစ်သီးကိုသာစားခြင်း။

၆။ ချောမောလှပပြီး ပစ္စည်းဥစ္စာပြည့်စုံသလို အမျိုးဂုဏ်မြင့်မားသည့် ယသော်ဓရာအား မင်းညီမင်းသား၊ သူဌေးသူကြွယ်များမှ လာရောက်ကမ်းလှမ်းသည်ကို မျက်ကွယ်ပြုခြင်းတို့ဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး ကပိလဝတ်သို့ကြွချီရာတွင် ယသော်ဓရာသည် အများနည်းတူ သွားရောက်ဖူးမြော်ခြင်းမပြုဘဲ(မြတ်ဘုရားအပေါ် ငါ၏ကျေးဇူးရှိလျှင် ကိုယ်တိုင်ကြွလိမ့်မည်၊ ထိုအခါမှရှိခိုးမည်)ဆိုခြင်းမှာ ယသော်ဓရာကဲ့သို့ အမျိုးသမီးတစ်ဦးအတွက် မိမိပါရမီအပေါ်ယုံကြည်မှုဟုဆိုနိုင်သည်။ မြတ်ဗုဒ္ဓရောက်ရှိချိန်တွင် ယသော်ဓရာသည် မြတ်ဗုဒ္ဓ၏ခြေဖဝါးတော်နှစ်ဖက်အား လက်နှစ်ဖက်ဖြင့်ပွေ့ပြီး ဦးခေါင်းအား မြတ်ဗုဒ္ဓ၏ခြေဖမိုးပေါ်တင်ကာ ဆန္ဒပြည့်ဝအောင် ကန်တော့သည်။ ယသော်ဓရာနှင့်အခြွေအရံပေါင်း ၄၀၀၀၀ သည် မြတ်ဗုဒ္ဓကြွလာချိန်၌ သစ်ခေါက်ဆိုးရောင်တူညီဝတ်စုံဖြင့်ကြိုဆိုခဲ့သည်မှာ မြတ်ဗုဒ္ဓသာသနာအပေါ်အလေးထားကြောင်းပေါ်လွင်လျက်ရှိသည်။

မြတ်ဗုဒ္ဓသည် တစ်ချိန်က ကြင်ယာတော်ဖြစ်ခဲ့သည့် ယသော်ဓရာအား စန္ဒကိန္နရီဇာတ်ကိုဟောကြား၍ အပူမီးငြိမ်းစေခဲ့သည်။ ထို့အတူ သားတော်ရာဟုလာအားလည်း လောကီအမွေအစား လောကုတ္တရာအမွေအဖြစ် သင်္ကန်းစီးပေးသည်။ ယသော်ဓရာထေရီသည် သက်တော် ၅၀ ဝန်းကျင်တွင် မြတ်ဗုဒ္ဓသာသနာသို့ ဘိက္ခုနီအဖြစ်ဝင်ရောက်ပြီး ရက်သတ္တနှစ်ပတ်အတွင်း ရဟန္တာဖြစ်ခဲ့သည်။ ထို့နောက် သက်တော် ၇၈ နှစ်အရွယ်တွင် ရဟန္တာအဖြစ် ပရိနိဗ္ဗာန်ပြုသည်။ ပရိနိဗ္ဗာန်စံဝင်ခါနီး မြတ်ဗုဒ္ဓအား သွားရောက်လျှောက်ထားရာတွင် ပါရမီဖြည့်ကျင့်စဉ်ကာလအတွင်း ချွတ်ချော်မှားယွင်းမှုများရှိခဲ့ပါက ခွင့်လွှတ်ပါရန်တောင်းပန်သလို မြတ်ဗုဒ္ဓမှလည်း (ပရိနိဗ္ဗာန်စံဝင်ခါနီး သင့်ကို ငါဘုရား ဘာများအထူးပြောစရာရှိတော့မှာလဲ ယသော်ဓရာ ငါ့အဆုံးအမကိုလိုက်နာကြောင်း အခြားသူတွေ သံသယကင်းအောင် ပရိနိဗ္ဗာန်မပြုမီ တန်ခိုးပြခဲ့ပါဦး)ဟု မိန့်သည်။ ယသော်ဓရာထေရီသည် မြတ်ဗုဒ္ဓအားနောက်ဆုံးပူဇော်ခြင်းအဖြစ်မြတ်ဗုဒ္ဓအား လက်ယာရစ်(၇)ကြိမ်လှည့်ပတ်ကြည်ညိုပြီး တန်ခိုးဖြင့်ကောင်းကင်သို့ကြွကာ ဥဒေါင်းငှက်ကြီးမှ ဇမ္ဗူ့သပြေပန်းကပ်ဟန်ဖြင့်လည်းကောင်း၊ ဆင်၊ မြင်း၊ သိကြား၊ ဗြဟ္မာရုပ်များဖန်ဆင်း၍ မြတ်ဗုဒ္ဓအားပူဇော်သည်။ ထို့နောက် ကောင်းကင်တွင် ပရိနိဗ္ဗာန်ပြု၍ တေဇောဓာတ်လောင်ကျွမ်းခဲ့သည်။

**တေဒင်္ဂဘွဲ့ရ ယသော်ဓရာ**

တေဒင်္ဂဟူသည့် ပါဠိပျက်စကားလုံးသည် တေဒဂ္ဂ၊ ၎င်းမှ တေအဂ္ဂဖြစ်လာပြီး တေ-ဤသူ၊ အဂ္ဂ-မြတ်သည်ဖြစ်သည်။ တေဒင်္ဂဘွဲ့အားဆိုင်ရာပုဂ္ဂိုလ်တို့တွင် အထူးမြတ်ဆုံး/ထိပ်ဆုံးပုဂ္ဂိုလ်ကို ချီးမြှင့်လေ့ရှိသည်။ ယသော်ဓရာထေရီရရှိသည့် တေဒင်္ဂဘွဲ့မှာ (မဟာအဘိညာဉ်တေဒင်္ဂဘွဲ့)ဖြစ်သည်။ မဟာအဘိညာဉ်(၆)ပါးရှိရာ (၅)ပါးသည် သမထကျင့်စဉ်ဖြင့်ရရှိနိုင်ပြီး အာသဝက္ခယအဘိညာဉ်တစ်ပါးသာ ဝိပဿနာကျင့်စဉ်မှရရှိသည်။ မြတ်ဗုဒ္ဓရှိစဉ် မဟာအဘိညာဉ်ရရှိခဲ့သူ (၄)ဦးမှာ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလန်၊ ရှင်ဗာကုလနှင့် ယသော်ဓရာ(ဘဒ္ဒကစ္စနထေရီ)တို့ဖြစ်ပြီး ဘိက္ခုနီယသော်ဓရာမှ (မဟာအဘိညာဉ်တေဒင်္ဂဘွဲ့)ရရှိခဲ့ခြင်းဖြစ်သည်။

**သံသရာဆုံးတိုင် ပါရမီဖြည့်ခြင်း**

ယသော်ဓရာသည် သက်တော်(၇၈)နှစ်တွင် ရဟန္တာအဖြစ် ပရိနိဗ္ဗာန်ပြုခဲ့သလို မြတ်ဗုဒ္ဓသည်လည်း သက်တော်(၈၀)နှစ်တွင် ပရိနိဗ္ဗာန်ပြု၍ နိဗ္ဗာန်သို့ရောက်ခဲ့ကြသည်။ ဓမ္မကထိက၊ ထေရ်ကြီးဝါကြီးများ၏ ဟောကြားမှုတွင် သံသရာ၏အစအား မည်သူမျှမသိနိုင်သော်လည်း နိဗ္ဗာန်ရောက်ရှိလျှင် သံသရာဆုံးသည်ဟုနာကြားရသည်။ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့သည့် မြတ်ဗုဒ္ဓနှင့်ယသော်ဓရာထေရီတို့သည် သံသရာတွင် တစ်ဖန်ပြန်လည်ဆုံတွေ့နိုင်မည်မဟုတ်တော့သည့်အတွက် နိဗ္ဗာန်သို့တိုင် ပါရမီဖြည့်နိုင်သူများဖြစ်ကြောင်း ရေးသားပူဇော်လိုက်ရပါသည်။ ။

**မောင်နေ(မြကျွန်း)**

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ၅ ဒသမ ၈ သန်းကျော် လာရောက်ဖူးမြော်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပဘုရားဖူးဧည့်သည် ၅ ဒသမ ၈ သန်းကျော် လာရောက်ဖူးမြော်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ယင်းကာလအတွင်း ဘုရားဖူးဝင်ရောက်မှုအနေဖြင့် သံဃာတော် ၁၀၉၂၁၆ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၅၈၇၂၅ ပါး၊ အမျိုးသား ၂၅၈၄၂၄၀ ဦး၊ အမျိုးသမီး ၃၀၇၉၇၉၄ ဦး၊ နိုင်ငံခြားသား ၂၉၆၁၉ ဦး၊ နိုင်ငံခြားသူ ၃၂၃၂၄ ဦး စုစုပေါင်း ၅၈၉၃၉၁၈ ဦးဖြစ်သည်။

အဆိုပါ ၁၀ လတာကာလတွင် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးဝင်ရောက်မှုသည် ရုံးဖွင့်ရက်များ၌ တစ်ရက်လျှင် အနည်းဆုံးလူဦးရေတစ်သောင်းဝန်းကျင်ရှိပြီး ရုံးပိတ်ရက်များနှင့် အခါကြီးရက်ကြီးများတွင် ဘုရားဖူးလာရောက်သူပိုများကြောင်း၊ ဇွန်လက ဘုရားဖူးဧည့်သည် သုံးသိန်းရှစ်သောင်းကျော်ဝင်ရောက်ခဲ့ပြီး ဘုရားဖူးဝင်ရောက်မှုအနည်းဆုံးလဖြစ်ကာ မတ်လက ၉၀၉၈၆၅ ဦးဖြင့် ဘုရားဖူးဧည့်သည်အများဆုံးဝင်ရောက်ခဲ့ကြောင်း သိရသည်။

လအလိုက် ဘုရားဖူးဝင်ရောက်မှုအနေဖြင့် ဇန်နဝါရီလက ငါးသိန်းကျော်၊ ဖေဖော်ဝါရီလက ငါးသိန်းကျော်၊ မတ်လက ကိုးသိန်းကျော်၊ ဧပြီလက ငါးသိန်းကျော်၊ မေလက ခြောက်သိန်းကျော်၊ ဇွန်လက သုံးသိန်းကျော်၊ ဇူလိုင်လက ခြောက်သိန်းဝန်းကျင်၊ ဩဂုတ်လက ငါးသိန်းကျော်၊ စက်တင်ဘာလက လေးသိန်းကျော်နှင့် အောက်တိုဘာလက ခုနစ်သိန်းကျော်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးများ အဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညိုနိုင်စေရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ ဘုရားဖူးမြော်ချိန်ကို နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပေးလျက်ရှိရာမှ ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစတင်ကာ နံနက် ၄ နာရီမှ ည ၁၀ နာရီအထိ တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ဝန်းရံခ



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး လှုပ်ရှားမှုအထိမ်းအမှတ် အခမ်းအနားကျင်းပ



ထားဝယ် နိုဝင်ဘာ ၂၅

အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ် အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေးဟူသည့် ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာလ ၂၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နိုင်ငံလူဦးရေ၏ထက်ဝက်ကျော်ရှိသော အမျိုးသမီးထုကြီး၏အခွင့်အရေးများကို ဖော်ထုတ်ပေးခြင်း၊ စွမ်းဆောင်ရည်နှင့်အရည်အသွေးများကိုမြှင့်တင်ပေးပြီး အသိအမှတ်ပြုပေးခြင်းနှင့် မိန်းကလေးငယ်များ၊ အမျိုးသမီးများ တွေ့ကြုံနေရသောအခက်အခဲ အတားအဆီးများကို ကြိုတင်ဖြေရှင်းပေးခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့်လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ပေးခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ်ကျင်းပသော အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်ပြီး တိုင်းဒေသကြီးအမျိုးသမီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ မှတ်တမ်းဗီဒီယိုကိုပြသပြီး ထားဝယ်မူလတန်းကြိုကျောင်းမှ သားငယ်၊ သမီးငယ်များက တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်လတ်

# သဲကုန်းမြို့နယ်၌ စားသုံးဆီဖူလုံစေရန် စိုက်ပျိုးထားသော ဆီထွက်သီးနှံမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

သဲကုန်း နိုဝင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် ဒေသတွင်းစားသုံးဆီဖူလုံစေရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြေပဲ၊ နှမ်းနှင့်နေကြာများကို အဓိကထား စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သဲကုန်းမြို့နယ်၌ ယခုနှစ်တွင် မြေပဲ ၁၁၅၄၁ ဧက စိုက်ပျိုးရန်လျာထားပြီး မိုးရာသီတွင် ၆၈၇၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဆောင်းရာသီတွင် ၄၆၆၆ ဧကစိုက်ပျိုးနိုင်ရန်လျာထားပြီး ဆောင်းမြေပဲကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးကြကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် စိုက်ကျင်းဖော်၍ စိုက်ပျိုးခြင်း၊ ပင်ထောင်မျိုးများကို တန်းဆွဲ၍ စနစ်တကျစိုက်ပျိုးခြင်းတို့ပြုလုပ်ကြပြီး ရာသီဥတုမှန်ပါက အမြတ်များစွာရရှိကာ စိုက်ပျိုးသည့်မြေ၊ ရာသီဥတုနှင့် အပင်ပြုစုမှုပေါ်မူတည်၍ အထွက်နှုန်းပြောင်းလဲမှုရှိကြောင်း၊ ပိုးမွှားများကြိုက်သည့်အပင်ဖြစ်သောကြောင့် ပိုးသတ်ဆေးအထိုက်အလျောက်အသုံးပြုရပြီး ဖေဖော်ဝါရီလကုန်တွင် နုတ်သိမ်းနိုင်ကြောင်း သိရသည်။

သဲကုန်းမြို့နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် ဒေသခံတောင်သူများအား စိုက်ပျိုးနည်းစနစ်များနှင့်ပတ်သက်သော စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ အသိပညာပေးခြင်း၊ သွင်းအားစုများပံ့ပိုးပေးခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားတိုးတက်ရေး အသိပညာပေးခြင်း၊ တောင်သူတစ်ဦးချင်းစီ၏ဝင်ငွေနှင့် ဒေသဝမ်းစာဖူလုံမှု ပိုမိုတိုးတက်စေရေး အသိပညာပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုကျော်(ပြန်/ဆက်)

# တောင်တွင်းကြီးမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

တောင်တွင်းကြီး နိုဝင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာလ ၂၄ ရက်က တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာမူများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်သုံးရပ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေမှ ကလေးအလုပ်သမားများ၏အသက်အရွယ် စသည့် အကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

နောင်နောင်(ဗိသုနိုးမြေ)

# ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၁၃၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် မက်ဆီမှတ်တမ်းဝင်

မိုင်ယာမီ နိုဝင်ဘာ ၂၅

အင်တာမိုင်ယာမီအသင်း တိုက်စစ်ကစားသမား မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲ(အရှေ့ပိုင်းဇုန်) ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် အင်တာမိုင်ယာမီအသင်းနှင့် စင်စင်နတီအသင်းတို့ကစားသည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးနှင့် ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်နိုင်ပြီးနောက် ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၁၃၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အင်တာမိုင်ယာမီအသင်းက စင်စင်နတီအသင်းကို ၄ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် မက်ဆီသည် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ကာ ပွဲချိန် ၁၉ မိနစ်တွင် ကိုယ်တိုင်တစ်ဂိုးသွင်းယူနိုင်သကဲ့သို့ ပွဲချိန် ၅၇ မိနစ်တွင်သွင်းယူသည့် ဆီဗက်တီ၏သွင်းဂိုးနှင့် ပွဲချိန် ၆၂ မိနစ်နှင့် ၇၄ မိနစ် တို့တွင်သွင်းယူနိုင်သည့် အယ်လန်ဒီတို့၏သွင်းဂိုးများကိုလည်း ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ပြီးနောက် အဆိုပါ မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ၁၁၃၄ ပွဲကစားခဲ့ရာ ၈၉၆ ဂိုးသွင်းယူနိုင်ပြီး ဂိုးဖန်တီးမှု ၄၀၄ ကြိမ်ပြုလုပ်နိုင်ခဲ့ကာ ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၁၃၀၀ ပြည့်မြောက်ခဲ့ပြီး ဘောလုံးလောကတွင် ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

မက်ဆီ၏နောက်တွင် ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေအများဆုံးကစားသမားအဖြစ် အယ်နာဆာအသင်းမှ စီရော်နယ်ဒိုက ၁၂၉၈ ပွဲကစားထားပြီး ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၁၂၁၃ ကြိမ်ဖြင့် ရပ်တည်လျက်ရှိကြောင်း သိရသည်။ *Ref;Fotmob*



# လီဗာပူးအသင်းဘုတ်အဖွဲ့ဝင်များက နည်းပြဆလော့၏အနာဂတ်နှင့်ပတ်သက်ပြီး ယခုနှစ်ကုန်အထိ အချိန်ပေးစောင့်ကြည့်ပြီးမှသာ ဆုံးဖြတ်ချက်ချမှတ်မည်

လန်ဒန် နိုဝင်ဘာ ၂၅

လီဗာပူးအသင်းဘုတ်အဖွဲ့ဝင်များက နည်းပြဆလော့၏အနာဂတ်နှင့်ပတ်သက်ပြီး ယခုနှစ်ကုန်ပိုင်းအထိ အချိန်ပေးစောင့်ကြည့်ပြီးမှသာ ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအကုန်က နည်းပြဟောင်းကလော့နှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲခဲ့ပြီးနောက် နည်းပြအဖြစ် ဆလော့ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဆလော့သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်ပထမဆုံးဘောလုံးရာသီတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ချန်ပီယံဆုဖလားကိုပါ ဆွတ်ခူးပေးနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလက စံချိန်တင်ပြောင်းရွှေ့ကြေးအသုံးစရိတ်ဖြစ်သည့် စတာလင်ပေါင် သန်း ၄၅၀ ကျော်အထိအသုံးပြုခဲ့ပြီး ကစားသမားသစ်များ အင်အားဖြည့်တင်းခဲ့သော်လည်း ယခုဘောလုံးရာသီတွင် အသင်းအနေဖြင့် စံချိန်တင်ရလဒ်ဆိုးများနှင့် တွေ့ကြုံနေရခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်တွင် သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဆလော့အနေဖြင့်လည်း အနာဂတ်ပိုမိုလှုပ်ခတ်လာခဲ့ပြီး အသင်းပရိသတ်များကပင် ရာထူးမှထုတ်ပယ်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း အသင်းဘုတ်အဖွဲ့ဝင်များက ယခုနှစ်ကုန်အထိ အချိန်ပေးစောင့်ကြည့်ရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ်မကုန်မီ ပြိုင်ပွဲစုံ ကိုးပွဲကစားရမည်ဖြစ်သည့်အတွက် နည်းပြဆလော့အနေဖြင့် အဆိုပါကိုးပွဲတွင် ရလဒ်ကောင်းများရရှိရန်လိုအပ်နေကြောင်း သိရသည်။

*Ref;Goal.com*

# နည်းပြအလွှန်ဆိုနှင့် ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ဆွေးနွေးမှုကို ဗင်နီစီးယက်ရပ်ဆိုင်း



မက်ဒရစ် နိုဝင်ဘာ ၂၅

ရီးယဲလ်မက်ဒရစ်အသင်း အဓိကတိုက်စစ်ကစားသမား ဗင်နီစီးယက်က ပြီးခဲ့သည့်ရက်ပိုင်းက အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးစပ်ခဲ့သော်လည်း နည်းပြအလွှန်ဆိုနှင့် ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ဆွေးနွေးမှုကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

ဗင်နီစီးယက်သည် ၂၀၁၈ ခုနှစ်က ဖလာမင်ဂိုအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ အစောပိုင်းနှစ်များက ပွဲကစားခွင့် နည်းပါးခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

ဗင်နီစီးယက်သည် နည်းပြဟောင်း အန်ဆယ်လော့တီလက်အောက်တွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီက အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၉ ပွဲတွင် ၂၄ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှုကိုးကြိမ်ပြုလုပ်နိုင်ပြီးနောက် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုဆွတ်ခူးနိုင်ရန်နီးစပ်ခဲ့သူဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက ပြီးခဲ့သည့်ဘောလုံးရာသီအကုန်ကတည်းက ဗင်နီစီးယက်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး ပြီးခဲ့သည့်ရက်ပိုင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားကြောင်း သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။

သို့သော် လက်ရှိတွင် ဗင်နီစီးယက်သည် နည်းပြအန်ဆယ်လော့တီနှင့် ဆက်ဆံရေးမပြေလည်မှုများရှိနေပြီး ပြီးခဲ့သည့် လီဗာပူးအသင်းကိုရှုံးနိမ့်သောချန်ပီယံလိဂ်ပွဲစဉ်တွင် နည်းပြအလွှန်ဆိုက ဗင်နီစီးယက်ကို လူစားလဲခဲ့ခြင်းနှင့်ပတ်သက်၍ ဆက်ဆံရေးစတင်တင်းမာခဲ့ပြီးနောက် လက်ရှိတွင် ဗင်နီစီးယက်က သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုရပ်ဆိုင်းခြင်းကို အသင်းဥက္ကဋ္ဌ ပီရက်ဇ်ထံ အသိပေးထားသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဗင်နီစီးယက်ကို ဆော်ဒီထိပ်တန်းကလပ်အသင်းများက စံချိန်တင်ပြောင်းရွှေ့ကြေးနှင့် စံချိန်တင်လုပ်ခလစာဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဂရင်းဝုဒ်ကို အင်္ဂလန်အသင်းတွင် ပြန်လည်ရွေးချယ်ရန် နည်းပြတူချယ်လ်စောင့်ကြည့်နေ

လန်ဒန် နိုဝင်ဘာ ၂၅

အင်္ဂလန်အသင်း နည်းပြတူချယ်လ်က လာမည့်ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကစားသမားရွေးချယ်ရန် စောင့်ကြည့်နေပြီး မာဆေးလ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် ဂရင်းဝုဒ်ကို အင်္ဂလန်အသင်းတွင် ပြန်လည်ရွေးချယ်ရန် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဂရင်းဝုဒ်သည် မန်ယူအသင်းတွင်ကစားစဉ်က အင်္ဂလန်အသင်းတွင် ရွေးချယ်ခံရဖူးသော်လည်း အသင်းနှင့်အတူ တစ်ပွဲသာပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက်ပိုင်းနှစ်များတွင် အင်္ဂလန်အသင်းကစားသမားစာရင်းတွင် မပါဝင်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဂရင်းဝုဒ်သည် ယခုဘောလုံးရာသီတွင် မာဆေးလ်အသင်းနှင့်အတူ ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြလျက်ရှိသည့်အတွက် အင်္ဂလန်အသင်းနည်းပြတူချယ်လ်က ဂရင်းဝုဒ်ကို ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အင်္ဂလန်အသင်းကစားသမားစာရင်းတွင် ပြန်လည်ရွေးချယ်ရန် စောင့်ကြည့်နေခြင်းဖြစ်သည်။

ဂရင်းဝုဒ်သည် ယခုဘောလုံးရာသီတွင် မာဆေးလ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၆ ပွဲကစားပြီးချိန်တွင် ၁၁ ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်ထားကာ ခြေစွမ်းပြလျက်ရှိကြောင်း သိရသည်။ *Ref;Fotmob*

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ အခန်း(၅/အေ)၊ အမှတ်(၁၉)နေ ဦးခင်သန်း(၁၄/လပတ(နိုင်)၀၇၄၅၄၆)မှ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မင်္ဂလာဆင်မင်းကွန်ဒို၊ အမှတ်(၂-အင်န်)နေ ဒေါ်ဖွား(၁၂/မရက(နိုင်)၁၁၀၁၄၉)အား ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းစာချုပ်စာတမ်းရုံးတွင် (၁၁-၄-၂၀၁၇)ရက်နေ့တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၇၉၄/၂၀၁၇)အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်သန်း ၁၄/လပတ(နိုင်)၀၇၄၅၄၆

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း(ဘန့်ဘွေးကွင်း)မှ ဒုတိယမူလတန်းပြ ဒေါ်ထုရာ(၁၂/တကန(နိုင်)၁၂၉၁၀၀)၏ဖခင် ဦးအမ်ယာကု(၁၂/တကန(နိုင်)၀၀၂၅၀၇)နှင့် ဦးမခေါ်ရာကုမှာ အမည်နှစ်မျိုးဖြစ်သော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအမ်ယာကု(ခ)ဦးမခေါ်ရာကု

## မိခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အ.ထ.က ကမ်းနီ၊ G-12 မှ နမ့်ချစ်စုထွေး၏ မိခင်အမည်မှန်မှာ ဒေါ်လှလှဝင်း ၁၄/ပေတ(နိုင်)၁၅၁၂၃၃ ဖြစ်ပါကြောင်း။

ဒေါ်လှလှဝင်း

## ပျောက်ဆုံးကြောင်း

ကောင်းမြတ်ထူး(ဘ)ဦးနေမျိုးအောင် ၇/ကတခ(နိုင်)၁၈၇၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 561082)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အ.ထ.က ကမ်းနီ၊ G-12 မှ နမ့်ချစ်ရိပ်နွယ်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဦး ၁၄/ပသန(နိုင်)၂၅၅၆၄၄ ဖြစ်ပါကြောင်း။

ဦးဇော်ဇော်ဦး

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အ.ထ.က အရိုးဒါး၊ G-12 မှ နော်မေကဗျာ၏ ဖခင်အမည်မှန်မှာ စောထူးလေး ၁၄/ပေတ(နိုင်)၂၂၄၅၀၅ ဖြစ်ပါကြောင်း။

စောထူးလေး

## မိခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အ.ထ.က(ခွဲ)၄ှက်ပေါက်၊ G-3 မှ မောင်သူရိန်လင်း၏မိခင်အမည်မှန်မှာ ဒေါ်ချိုချိုဝင်း ၁၄/ပေတ(နိုင်)၁၇၇၅၇၄ ဖြစ်ပါကြောင်း။

ဒေါ်ချိုချိုဝင်း

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အ.ထ.က အရိုးဒါး၊ G-12 နော်ဂေးသမီး၏ ဖခင်အမည်မှန်မှာ စောရှော့ဖဲလာ ၁၄/ပေတ(နိုင်)၀၂၀၀၃၅ ဖြစ်ပါကြောင်း။

စောရှော့ဖဲလာ

## မိခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ပုတောမြို့နယ်၊ အ.ထ.က မန်ကျည်းပင်၊ G-11 မှ မဖြူသန္တာထွေး၏မိခင်အမည်မှန်မှာ ဒေါ်ခင်စိုးကြည် ၁၄/ပေတ(နိုင်)၂၀၆၀၄၉ ဖြစ်ပါကြောင်း။

ဒေါ်ခင်စိုးကြည်

## ပျောက်ဆုံးကြောင်း

မိုးကျော်သူ(ဘ)ဦးတင်စ ၉/လဝန(နိုင်)၁၅၆၁၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ကျုံသိဝကျေးရွာ၊ အ.ထ.ကကျောင်း၊ G-7 မှ မစုသန့်ရတီ၏ဖခင်အမည်မှန်မှာ ဦးဇေယျာဖြိုး ၁၄/ကလန(နိုင်)၀၈၅၄၂၈ ဖြစ်ပါကြောင်း။ ဦးဇေယျာဖြိုး

## ပျောက်ဆုံးကြောင်း

ငွေးဝင်းမော်(ဘ)ဦးမော် ၈/ရစက(နိုင်)၀၉၀၄၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၃၀၈၃၀

## ပျောက်ဆုံးကြောင်း

ချောစုဝင်း(ဘ)ဦးစိုးမောင် ၇/ဒဥန(နိုင်)၁၈၄၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၈၆၁၀၈၃၃

## ပျောက်ဆုံးကြောင်း

ဇော်ဟန်ထန်း(ဘ)ဦးဆွေးသိုင်း ၅/ကလထ(နိုင်)၂၁၉၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ပြုံးချို(ဘ)ဦးပန် ၇/ဒဥန(နိုင်)၁၅၉၂၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၈၆၁၀၈၃၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အမှတ်(၃၄၄)နေပြည်တော်(၁)လမ်း၊ ဆင်ကန်ရပ်ကွက်နေ ဦးကျော်တင့်၏သမီး ဒေါ်နွယ်နွယ်စိုး(ခ)ဒေါ်နှင်းနွယ်စိုး ၃/ဘအန(နိုင်)၀၃၈၁၃၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နွယ်နွယ်စိုး(ခ)ဒေါ်နှင်းနွယ်စိုး

## ပျောက်ဆုံးကြောင်း

စိုးစန္ဒာ(ဘ)ဦးခင်မောင်ကျော် ၆/ကသန(နိုင်)၀၅၄၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 913566)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

သဲနုခိုင်(ဘ)ဦးတင်ဝင်း ၉/ရမသ(နိုင်)၂၃၄၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

အောင်သူထိုက်(ဘ)ဦးကျော်အောင် ၁၂/သလန(နိုင်)၁၀၅၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

မင်းခန့်ဝဏ္ဏ(ဘ)ဦးဝဏ္ဏ ၉/မထလ(နိုင်)၃၃၄၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

အောင်အောင်(ဘ)ဦးမောင်ညွန့်လှ ၁၁/စတန(နိုင်)၁၀၈၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

အောင်သူရ(ဘ)ဦးအုံးလှိုင် ၁၂/သဃက(နိုင်)၁၄၀၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၄၄၇၆၁၇၈

## ပျောက်ဆုံးကြောင်း

ဝေဝေခိုင်(ဘ)ဦးငွေးမြင့် ၇/နတလ(နိုင်)၁၅၀၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

စန်းစန်းအေး(ဘ)ဦးသန်းထွန်း ၁၂/မဂတ(နိုင်)၁၀၂၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

သဇင်ဦး(ဘ)ဦးထွန်းထွန်းဦး ၁၄/ပသန(နိုင်)၃၅၇၃၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 291619)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၉၈၆၄၀၀၄

## ဖခင်အမည်မှန်

နတ်မောက်မြို့နယ်၊ အ.လ.က၊ ပန်းတော်ကျင်း Grade-9 မှ မောင်ကျော်ရဲလင်း၏ဖခင်အမည်မှန်မှာ ဦးညိုဝင်း ၈/နမန(နိုင်)၀၄၄၃၈၇ ဖြစ်ပါကြောင်း။

ဦးညိုဝင်း

## ဖခင်အမည်မှန်

နတ်မောက်မြို့နယ်၊ အ.လ.က၊ ပန်းတော်ကျင်း Grade-9 မှ မဇွန်ပွင့်ဖြူ၏ဖခင်အမည်မှန်မှာ ဦးဟံဇော် ၈/နမန(နိုင်)၁၁၈၁၅၄ ဖြစ်ပါကြောင်း။

ဦးဟံဇော်

## ဖခင်အမည်မှန်

နတ်မောက်မြို့နယ်၊ အ.လ.က၊ ပန်းတော်ကျင်း Grade-9 မှ မခင်သက်စံ၏ဖခင်အမည်မှန်မှာ ဦးဝင်းကြိုင် ၈/နမန(နိုင်)၀၄၄၅၀၉ ဖြစ်ပါကြောင်း။

ဦးဝင်းကြိုင်

## ဖခင်အမည်မှန်

နတ်မောက်မြို့နယ်၊ အ.လ.က၊ ပန်းတော်ကျင်း Grade-9 မှ မောင်စိုးလှိုင်ထွန်း၏ဖခင်အမည်မှန်မှာ ဦးမောင်ထွန်း ၈/နမန(နိုင်)၁၃၈၂၀၈ ဖြစ်ပါကြောင်း။

ဦးမောင်ထွန်း

## ပျောက်ဆုံးကြောင်း

ဘောဘီဝင်(ခ)ခင်နှင်းရီ(ဘ)ဦးကျနရိုရီ ၉/မကန(နိုင်)၀၇၂၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၁၁၅၂၄၃

## ပျောက်ဆုံးကြောင်း

သီတာအေး(ဘ)ဦးဖိုးနီ ၁၄/ရကန(နိုင်)၁၁၅၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၇၈၈၆၃၆၂

## ပျောက်ဆုံးကြောင်း

ဝင်းတင်မောင်(ဘ)ဦးသောင်းဦးကျော် ၁၁/ကတန(နိုင်)၁၂၀၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၈၁၇၉၀၈၄

## ပျောက်ဆုံးကြောင်း

မောင်မောင်ဇင်(ဘ)ဦးကျော်ဝင်း ၁၀/ကမရ(နိုင်)၀၁၇၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၀၅၉၇၈၅

## ပျောက်ဆုံးကြောင်း

နှင်းအေးနွယ်(ဘ)ဦးမောင်မြသိန်း ၁၁/ရသတ(နိုင်)၁၃၃၉၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၀၉၆၈၂၈

## ပျောက်ဆုံးကြောင်း

ထာသင်နွမ်(ဘ)ဦးထလာထန်း ၅/ကလထ(နိုင်)၂၇၁၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၃၁၆၀၂၀၇

## ပျောက်ဆုံးကြောင်း

ယဉ်အောင်(ဘ)ဦးသိန်းအောင် ၁၂/ဥကမ(နိုင်)၁၈၉၃၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၄၈၃၈၄၃

## ပျောက်ဆုံးကြောင်း

ရဲထက်သူ(ဘ)ဦးမြင့်ဦး ၁၂/မဘန(နိုင်)၁၁၇၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၇၄၃၆၁၉၇

## ပညာဘဏ်တိုက်စာကြည့်တိုက်

## ပျောက်ဆုံးကြောင်း

တောင်တွင်းကြီးမြို့၊ တောင်ပြင်(၂)နေ မောင်အောင်ကိုဦး(ဘ)ဦးကံရှိန် ၇/ဝမန(နိုင်)၁၃၃၇၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 550257)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၂၉၁၆၁၃

## ပျောက်ဆုံးကြောင်း

ဝေဝေခိုင်(ဘ)ဦးငွေးမြင့် ၇/နတလ(နိုင်)၁၅၀၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၉၆၇၅၄၁၃

## ပျောက်ဆုံးကြောင်း

စိုးနိုင်(ဘ)ဦးရမ်းကူမာရ် ၇/ဖမန(ပြု)၀၁၁၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၇၃၀၆၇၅

## ပျောက်ဆုံးကြောင်း

ဇော်ကိုကို(ဘ)ဦးဝင်းတင် ၇/ဖမန(နိုင်)၁၃၈၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

သူရိန်မင်းဝေ(ဘ)ဦးလှဆောင် ၉/မထလ(နိုင်)၂၇၈၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ကျော်စွာဟန်(ဘ)ဦးအောင်ဇော်ဝင်း ၁၃/ညရန(နိုင်)၁၂၅၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၅၂၁၂၉၁၀

## ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့နေ ရှိုင်းအောင်(ဘ)ဦးမောင်လွင် ၇/သနပ(နိုင်)၁၁၄၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

မင်းလှမြို့နေ ဘုန်းမြင့်သူ(ဘ)ဦးကျော်မြင့် ၇/မလန(နိုင်)၀၇၁၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်နေ မသီရိဝင်း(ဘ)ဦးဇော်မင်း ၇/ပခန(နိုင်)၅၂၈၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့နေ အောင်မိုးဟိန်း(ဘ)ဦးဇော်ဝင်း ၉/မထလ(နိုင်)၂၈၆၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

တောင်ငူမြို့၊ (၂၁)ရပ်ကွက်နေ ကျော်ကျော်စိုး(ဘ)ဦးဝင်းမြင့် ၇/တငန(နိုင်)၁၀၀၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၃၄၀၃၄၀၉

## ပျောက်ဆုံးကြောင်း

ခမ်းပါတ်မြို့၊ ကနန်ရွာနေ လားခရော့မောယီး(ဘ)ဦးကပ်တလွား ၅/ခပန(နိုင်)၀၁၀၈၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း** တင်တင်ခိုင်(ဘ)ဦးတင်ရွှေ ၆/ပလန(နိုင်)၀၀၀၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း** မျိုးမြင့်အောင်(ဘ)ဦးအုန်းတင် ၁၂/မဂတ(နိုင်)၀၈၆၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၉၃၄၄၅၇

**ပျောက်ဆုံးကြောင်း** နှင်းအိချို(ဘ)ဦးဘငွေ ၁၂/ဒဂတ(နိုင်)၀၂၁၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၅၄၀၂၂၆၁


မိုးသောက်ပန်း ဂျာနယ်

- မျက်နှာဖုံးတွင် ကာတွန်းစိုပြေ၏ လက်ရာကောင်းနှင့်အတူ ကာတွန်းနေခြည်၊ ကာတွန်းလူမော်နှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မန်းတင့်မော်၊ မောင်မင်းသိမ်း(သရက်)၊ ကန့်ဘလူခင်မောင်ဆွေ၊ ရဲဘော်မြသိန်း(ဟိုပုံး)၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၂၅-၁၁-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၉)၊ အမှတ်(၄၅)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄

♦ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ♦

ကလေးငယ်များအတွက် ပညာလဲပေး၊ ဗဟုသုတလဲရ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့





သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဖြည့်ဆည်းပေးလျက်ရှိသော




တေဇ ရုပ်စုံ

- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် နိုဝင်ဘာလထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၃၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့**တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)**ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့် ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး ၂၄-၁၀-၂၀၂၅ ရက်နေ့မှစတင်၍ **၁၈-၁-၂၀၂၆** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

( ခ ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-**၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-**၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)**လက်မှတ်ပေးအပ်မည်။

( ခ ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

( ဂ ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ**အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မှီစက်ကြီးများဖြင့်
အချေအသေးပြည့်မှီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
PURE ARABICA COFFEE
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
PYIN OO LWIN
NAN MYAING
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
Buy
BILL
PAY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

❖ စီးပွားရေးနှင့်ပတ်သက်၍ ပြည်သူလူထုနှင့်တိုင်းပြည်ကိုအကျိုးပြုသည့် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ရန်လို . . .

❖ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများပြည်သူအတွက်အကျိုးရှိမည့် စီးပွားရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ပိုမိုအားပေးဆောင်ရွက်လျက်ရှိ . . .

( နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ တပ်နယ်မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# KK Park နယ်မြေအတွင်း Online လိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၂၃၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းမှ တရားမဝင်ပြည်ပနိုင်ငံသား ၅၁ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်



လူနေအဆောက်အအုံ (၅) ထပ်တိုက်အား မဖောက်ခွဲမီတွေ့ရစဉ်။



လူနေအဆောက်အအုံ (၅) ထပ်တိုက်အား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုကိုတွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် မြဝတီမြို့နယ်ရှိ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ကမ္ဘာတစ်ဝန်းလုံးမှ ကန့်ကွက်ရှုတ်ချလျက်ရှိသော Online လိမ်လည်မှုများနှင့် Online လောင်းကစားမှုများကျူးလွန်လုပ်ဆောင်ခဲ့ကြသည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်း၊ တရားမဝင် အဆောက်အအုံများနှင့် Online လိမ်လည်မှုများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်း၊ တရားမဝင် ပြည်ပနိုင်ငံသားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ❖


## မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင်ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ် (Depression) အဖြစ်သို့ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကော့သောင်းမြို့ (Kawthaung)၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်၊ မလေးရှားနိုင်ငံ ပီနန်မြို့(Penang)၏

စာမျက်နှာ ၇ ကော်လံ ၁ ◆




ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ စာ - ၂၆ သို့

. . . . . . . . . . . . . . . . . . . . . . . . .

တောင်ကိုရီးယား၌ အာဖရိကဝက်အပြင်းဖျားရောဂါ အရေးကြီးအခြေအနေသတ်မှတ် စာ - ၂၃ သို့

. . . . . . . . . . . . . . . . . . . . . . . . .

အရှေ့တောင်အာရှဒေသ၌ ပြင်းထန်သော ရေကြီးမှုများဖြစ်ပွားနေ စာ - ၂၃ သို့

